# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၆ ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်း

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက် ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၆ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၄၆ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခ င်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၆ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေး ကို (၂၀၇)ဦး တက်ရောက်ပါတယ်။ အစ ည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအ ဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အ မျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါ တယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၄၆ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ

# ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြား လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြား ရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အတွက် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ဦးမိုးမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော(ခ)ဦးကျော်မောင် သည် ဘုတ်ပြင်းမြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌဆရာတော်ကြီး ဈာပနကိစ္စဆောင်ရွက်ရန် သွားရောက်နေသည့်အတွက် ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၇-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့် (၄)ရက်ကို ခွင့်ပြုပေးနို င်ပါရန် ဦးမောင်ကျော (ခ) ဦးကျော်မောင်၏ ကိုယ်စား ကျွန်တော် ဦးမိုးမြင့် မှ ခွင့်ပန်ကြားအပ်ပါ တယ် ခင်ဗျား။

**ဥက္ကဋ္ဌ၊** ။ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော(ခ) ဦးကျော်မောင်ရဲ့ ၁၄-၁၁- ၂၀၁၁ ရက်နေ့မှ ၁၇-၁၁-၂၀၁၁ ရက်နေ့ အထိ ခွင့် (၄)ရက်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဦးဝင်းနိုင်ရှိန် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး သည် အဆုပ်အအေးမိဖျားနာနေပါသဖြင့် ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၅-၁၁-၂၀၁၁ ရက်နေ့အထိ အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်ခြင်းမှ ခွင့်(၂)ရက်သတ်မှတ်ပေးပါရန် ဦးသက်နိုင်ဦး ကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် မှ လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ရဲ့ ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၅-၁၁-၂၀၁၁ ရက်နေ့ အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ချိုဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးအောင်ချိုဦးပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲ ခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး ၏မိခင်ဖြစ်သူသည် အရေးပေါ် ကျန်းမာရေးအခြေအနေဖြင့် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေရပြီး ဝမ်းဗိုက်ခွဲစိပ်ကုသရန်ရှိပါသဖြင့် ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၈-၁၁-၂၀၁၁ ရက်နေ့အထိ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ခြင်းမှ ခွင့် (၅)ရက်အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာမြဦး ကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး က ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး ရဲ့ ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၈-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဦးလှသိန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်း သည် ပခုက္ကူခရိုင်အတွင်းရေဘေးဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရပါသဖြင့်၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၈-၁၁-၂၀၁၁ ရက်နေ့ အထိ (၅)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးကြည်ထွန်း ကိုယ်စား ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်း မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း ရဲ့ ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၈-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်သည် ခြေထောက် အနာကို ဆေးကုသခံနေရပါသဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၄၊ ၁၅၊ ၁၆ ရက်နေ့များမှာ အမျိုးသားလွှတ်တော် မတက်ရောက်နိုင်သည်ကို ခွင့်ပြုပေးပါရန် ဦးစိုးအောင် ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၂)မှ ကျွန်တော် ဦးဝင်းမောင်က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ ၁၄-၁၁-၂၀၁၁ ရက်နေ့မှ ၁၆-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှ တ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို တက်ရောက် ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင် ခွင့်ပန်ထားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပြုထားသူ (၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၁၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အမျိုး သားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်း အဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်း အဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အ တည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော လယ်ယာမြေဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ၂၀၁၁ခုနှစ် လယ်ယာမြေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် (၈)ဦးက ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၈။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အား နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟုဆုတောင်းရင်း ကျွန်တော် ဒီနေရာက အရိုအသေပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ဖြစ်ပါတယ်။ အခု လယ်ယာမြေဥပဒေ ၂၀၁၁ ခုနှစ် လယ်ယာမြေနဲ့ ပတ်သက်တဲ့ ဥပဒေကြမ်းကို ကျွန်တော် ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးရမယ့် အပိုင်းတွေကတော့ ဒီလယ်ယာမြေ ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းမှာ နံပါတ်(၁)က အခန်း(၁)က အပိုဒ်(၂)(က) ဖြစ်ပါတယ်။ အဲဒီမှာ လယ်ယာမြေရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ အဲဒီအဓိပ္ပာယ်မှာ လယ်ယာမြေဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင် နိုင်သော မြေရိုင်းများနှင့် စသည်ဖြင့် အဲ ဒီလို ရေးထားပါတယ်။ အဲဒါကို ကျွန်တော်က ဘယ်လို ပြင်ဆင်မလဲဆိုလို့ရှိရင် လယ်ယာမြေဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင် သည့် စကားလုံးမပါတော့ဘဲနဲ့ လယ်ယာမြေဆိုသည်မှာ လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများ နှင့် လယ်ယာကိုင်းကျွန်း စသည်ဖြင့် ကျွန်တော် အဲဒီလို ပြင်ဆင် ထားပါတယ်။ အဓိပ္ပာယ်ကတော့ ဘာလဲဆိုလို့ရှိရင် နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင် သည့် ဆိုတဲ့ စကားရပ်ဟာ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကလွဲလို့ ကျန်တဲ့ ဥပဒေတွေမှာ ဘယ်ဟာမှ မသုံးပါဘူး။ နိုင်ငံပိုင်ဥပဒေ လုပ်တဲ့အခါမှာ ဒီဟာ သုံးစွဲဖို့အတွက်က နိုင်ငံတော်ကနေပြီးတော့ Version အဲဒီခေတ်ကဆိုတော့ ချစ်တီးတို့ ဘာတို့ရှိမှာပေါ့။ ဒါတွေကို နိုင်ငံတော်က ပိုင်ဆိုင် တယ်။ ဒါ ကြောင့် နိုင်ငံတော်က သိမ်းဆည်းရမယ်ဆိုတဲ့ဝေါဟာရကို သုံးထား တာနဲ့ တူပါတယ်။ နောက်တစ်ခုက ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၆ တွင် နိုင်ငံတော်သည် (က) အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် ဒေသ ဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေး အင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခွင့်ပြုသည်။ (ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေး ကစားမှုပြုခြင်းဖြင့်

အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှတားဆီးကာကွယ်မည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည့်အတွက် နိုင်ငံတော်က အလိုရှိသည့် အတိုင်း သုံးစွဲနိုင်သည့် စကားရပ်အား သုံးစွဲရန် မသင့်လျော်ပါလို့ ကျွန်တော် ပြင်ဆင်ချက်မှာ ရေးထားပါတယ်။ နောက်(၂)က အခန်း(၃)၊ အခန်း(၃)မှာ ခေါင်းစီးစာလုံးမှာအသုံးချခွင့်၊ ခေါင်းစီးစာလုံးအသုံးချခွင့်ကို ကျွန်တော်က လုပ်ပိုင်ခွင့် ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ အဲဒီမှာ မှတ်ချက်ရေးထားပါတယ်။ မှတ်ချက်။ ဝန်ကြီးဌာန၏ အဆိုပြုထားသော ဤဥပဒေကြမ်း တစ်ခုလုံးတွင် အသုံးပြုထားသည့် အသုံးချခွင့် ဆိုသော စကားရပ် တိုင်းတွင် လုပ်ပိုင်ခွင့်ဟူသော စကားရပ်ဖြင့် အစားထိုးရန်ဖြစ်ပါသည်။ အဲဒီလို ပြင်ဆင်မှတ်ချက် ပေးထားပါတယ်။ ဆိုတဲ့အဓိပ္ပာယ်ကတော့ လုပ်ပိုင်ခွင့် ဆိုသော စကားရပ်သည် အသုံးချခွင့်ဆိုသော စကားရပ်ထက် ပိုမို၍တိကျခိုင်မာသော အဓိပ္ပာယ်ရှိသောကြောင့်ဖြစ်ပါသည်။ ကျွန်တော် အဲဒီလို အကြောင်းပြထားပါတယ်။ နောက်အမှတ်စဉ်(၃) အခန်း(၃) ၄(က)မှာ အဆိုပါ လယ်ယာမြေကို လက်ရှိထားနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့် ယင်းသို့ လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာ သည့် အကျိုးအမြတ်ကို ခံစားနိုင်ခွင့်၊ ဒါ မူရင်းမှာ အဲဒီလိုရေးထားပါတယ်။ အဲဒါကို ကျွန်တော်က အဆိုပါ လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လုပ်ကိုင်ပိုင်ခွင့် ယင်းသို့ လုပ်ကိုင်ခြင်းမှ ပေါ်ထွက် လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်ဆိုပြီး တော့ နိုင်ခွင့်ဆိုတဲ့စကားရပ်မှ ပိုင်ခွင့်ဆိုတဲ့ စကားရပ်ကို ပြင်ဆင် ထားပါတယ်။ ပိုင်ခွင့်ဆိုသော စကား ရပ်သည် နိုင်ခွင့်ဆိုသော စကားရပ် ထက် ပိုမို၍ ခိုင်မာသော ကြောင့် ဖြစ်ပါသည်လို့ ကျွန်တော်က အကြောင်းပြထားပါတယ်ခင်ဗျ။ နောက်အမှတ်စဉ်(၄)မှာ အခန်း (၃)မှာပါပဲ၊ ၄(ခ) အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း သူ့မူရင်းမှာ အဲဒီလို ရေးထားပါတယ်။ အဲဒါကို ကျွန်တော်က အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမွေဆက်ခံ ခြင်း ကျွန်တော်က အဲဒီလို ပြင်ဆင်ထားပါတယ်။ အကြောင်းပြချက်ကတော့ တောင်သူလယ်သမား များနှင့် ၎င်းတို့၏ မိသားစု များ ဘဝအာမခံချက် ရရှိစေလိုသောကြောင့်ဖြစ်ပါတယ်။ ကျွန်တော် အဲဒီလို အကြောင်းပြထားပါတယ် ခင်ဗျား။ နောက်အမှတ်စဉ်(၅) အခန်း(၃) အပိုဒ်၄(ဃ) အဆိုပါ လယ်ယာမြေ အသုံးချခွင့်ကို အမွေ ဆက်ခံခြင်း ယင်းအမွေဆက်ခံခြင်းနှင့်ပတ်သက်၍ တည်ဆဲ အခြား ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ တရားရုံးများက စီရင်ဆုံးဖြတ် ပိုင်ခွင့် မရှိစေရ ဆိုပြီးတော့ မူရင်းမှာရေးထားပါတယ်။ အဲဒါကို ကျွန်တော်က အဆိုပါ လယ်ယာမြေ

လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပါက တည်ဆဲ ဥပဒေအရ သက်ဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ်ရမည်လို့ ကျွန်တော် ပြင်ဆင်ထားပါတယ်။ အဓိပ္ပာယ်ကတော့ အမွေဆက်ခံခြင်း ဥပဒေအရ သက်ဆိုင်ရာ တရားရုံး၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ နောက် အမှတ်စဥ်(၆) အခန်း(၃)ပါ ၄(င)မှာ လယ်ယာမြေ အသုံးချခွင့်ကာလကို နှစ်ရှည်သီးနှံစိုက် လျှင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ သတ်မှတ် ထားသည့် စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက နှစ်ပေါင်း (၆၀)ထိ ရှိရမည်။ ခွင့်ပြုသည့် သက်တမ်းကာလ ကုန်ဆုံးပြီးနောက် သက်တမ်းတိုးခွင့် လျှောက်ထားနိုင်သည်။ ရာသီသီးနှံ စိုက်ပျိုးလျှင် သတ်မှတ်သည့် စည်းကမ်းများကို ဖောက်ဖျက်ခြင်းမရှိသရွေ့ အ သုံးချခွင့်ရှိသည်လို့ သူ့မူရင်း မှာ ရေးထားပါတယ်။ အဲဒါကို ကျွန်တော်က လယ်ယာမြေ လုပ်ပိုင်ခွင့်ကာလကို သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့် ရှိသည်လို့ ကျွန်တော်က ပြန်ရေးထားပါတယ်။ အဓိပ္ပာယ်ကတော့ တောင်သူလယ်သမားများ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် လက်ငုတ်လက်ရင်း တည်မြဲစေဖို့အတွက် ရည်ရွယ်၍ဖြစ်ပါတယ်နောက် နံပါတ်(၇) အခန်း(၄)မှာ အပိုဒ် ၇ (င) လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်း မပြုရလို့ ရေးထားပါတယ်။ အဲဒါကို ကျွန်တော်က လယ်ယာမြေကို နိုင်ငံခြားသားများအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင် လွှဲပြောင်း ခြင်း မပြုရလို့ ကျွန်တော် ပြင်ဆင်ထားပါတယ်။ အဓိပ္ပာယ်ကတော့ ဒီလယ်ယာမြေကို နိုင်ငံသားများရဲ့ လက်ထဲမှာရှိနေဖို့အတွက် ရည်ရွယ် ခြင်းပဲ ဖြစ်ပါတယ်။ နောက် အမှတ်စဥ်(၈) အခန်း(၅) အပိုဒ်၁၂ (က)မှာ လယ်ယာစိုက်ပျိုးရေးမှာ ကြီးကြပ်တဲ့အဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းဖို့အတွက် ပုံဖော်ထားပါတယ်။ အဲဒါမှာ ကျွန်တော်က ဘယ်လို ပြင်ဆင်ထားလဲဆိုရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုလယ်ယာမြေစီ မံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရ မည်လို့ ကျွန်တော်ပြ င်ဆင် ထားပါတယ်။ နောက်အမှတ်စဥ်(၉)အခန်း(၈)အပိုဒ်၂၀(က)၌ဥပဒေ အရ ဖွဲ့စည်းတာဝန်ပေးအပ်သော လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်ကချမှတ်သော အမိန့် သို့မဟုတ် စီရင်ချက်ကို အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် စပ်လျဥ်းသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း

အဲဒီအပိုင်းမှာ အဲဒီလိုမူရင်းမှာ ရေးသားထားပြီးတော့ အဲဒါကို ကျွန်တော်က ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အ ဆင့်ဆင့်ချမှတ်သော ဆုံးဖြတ်ချက်ကို အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း အဲဒီလို ကျွန်တော် ပြင်ဆင်ထားပါတယ်။ အဓိပ္ပာယ်ကတော့ ဒီ ဟာအဖွဲ့နဲ့စိစစ်တဲ့ အလုပ်ဖြစ်တဲ့အတွက်ကြောင့် စီရင်ချက်အစား ဆုံးဖြတ်ချက်က ပို ပြီးသင့်လျော်တယ်ထင်လို့ပါ။ အမှတ်စဥ်(၁၀) အခန်း(၈)အပိုဒ်(၂၁) ဝန်ကြီးဌာနသည် မည်သည့်အချိန် အခါတွင်မဆို လိုအပ်သည်ဟု ထင်မြင် ယူဆလျှင် ဤဥပဒေ ပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရပြုသ ည့် နည်းဥပဒေ ပြဋ္ဌာန်းချက်များ အရ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်က ချမှတ်သော အမိန့် သို့မဟုတ် စီရင်ချက်ကို အတည်ပြုနိုင်သည်၊ ပြင်ဆင်နိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်လို့ မူရင်းမှာ ရေးထားပါတယ်။ အဲဒါကို ကျွန်တော်က အဲဒီမှာအမိန့် သို့ မဟုတ် စီရင်ချက် ဆိုတဲ့စကားရပ် အစားကျွန်တော်အရင်က ရှေ့အပိုဒ်မှာပြောထားခဲ့တဲ့ ဆုံးဖြတ်ချက်ကိုပဲ ရေးထားပါတယ်။ အဲဒီ မှာ အကြောင်းပြချက်ကတော့ အဖွဲ့နဲ့စိစစ်ခြင်းဖြစ်၍ ဆုံးဖြတ်ချက်ဟု သုံးနှုန်းသင့်ပါသည်ဟု ကျွန်တော်က ပြင်ဆင်ထားပါတယ်။ အမှတ်စဥ်(၁၁) အခန်း(၉)အပိုဒ် ၂၂ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်အကျိုးငှာ ပြန်လည် သိမ်းယူသည့် လယ်ယာမြေများအတွက် နစ်နာကြေးနှင့် လျော် ကြေးကို နည်းဥပဒေ ပြဋ္ဌာန်းသတ်မှတ်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ရေးထားပါတယ်။ အဲဒါကို ကျွန်တော်က တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်အကျိုးအလို့ ငှာ ပြန်လည်သိမ်းယူသည့် လယ်ယာမြေ များအတွက် နစ်နာကြေးန ှ င့် လျော်ကြေးကိုပေးရန် နည်းဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်လို့ ကျွန်တော် က ပြင်ဆင်ထားပါတယ်။ အဓိပ္ပာယ် ကတော့ တောင်သူ လယ်သမားများ မနစ်နာစေရန်နှင့် အာမခံချက် ရှိရန်အတွက် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ဆွေးနွေးတင်ပြချင်တဲ့အပိုင်းကတော့ ဒီလောက်ပါပဲ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၉။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုတောင်းလျက် ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုပေးပို့လာတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းအပေါ်မှာ ပြန်ပြီး လေ့လာပြီးတဲ့နောက် ပိုပြီးပြည့်စုံတယ်လို့ ထင်တဲ့အချက်တွေကို ကျွန်တော်တို့ အဖွဲ့လိုက် လေ့လာ သုံးသပ်ပြီးတဲ့နောက် အခုအချိန်မှာ ကျွန်တော် အကြံပြုတင်ပြမှာဖြစ်ပါတယ်။ ဒီလို တင်ပြချက်နဲ့ ပတ်သက်လို့လည်း မူရင်းတ င်သွင်းထားတဲ့ပုဂ္ဂိုလ်နဲ့လည်း ကျွန်တော်တို့ သဘောတူညီချက် ရယူပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာတဲ့ မူကြမ်းမှာ ဥပဒေရဲ့ ခေါင်းစဉ်အနေနဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဥပဒေအမှတ် ( ) ဒီလိုရေးထားပါတယ်။ အဲဒါကို ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံနှင့်အညီ ဖြစ်စေရန်အတွက် ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေ ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်( )လို့ ပြင်ဆင်သင့်ပါကြောင်း ကျွ န်တော် လေးစားစွာ တင်ပြအကြံပြုအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ ၄-၁၁-၂၀၁၁ ရက်နေ့က တင်သွားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်ချက်နဲ့ တစ်ထပ်တည်းဖြစ်ပါတယ်။ နောက် ဒုတိယအချက် အနေနဲ့ကတော့ အဲဒီဥပဒေကြမ်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ပါပါတယ်။ အဲဒါကို ကျွန်တော် နည်းနည်း လေးပိုပြီး ပြည့်စုံ သွားအောင် ကျွန်တော်တို့က ကြောင်းကျိုးလေးဖော်ပြချင်တဲ့သဘောနဲ့ ပြည်ထောင်စုလွှတ်တော် သည် တောင်သူလယ်သမားများ၏ လူမှုရေး ဘဝမြင့်မားတိုးတက်စေရန် တောင်သူ လယ်သမား များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အောက်ပါဥပဒေကို ပြဋ္ဌာန်းသည်လို့ ထည့်သင့်ပါကြောင်း ကျွန်တော်လေးစားစွာ တင်ပြအပ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ တော့ ဒီဥပဒေကြမ်းမှာ စောစောကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းတင် ဆွေးနွေးသွား ပါတယ်။ ဒါအခန်း (၁)ပါပဲ အပိုဒ် ၂ အပိုဒ်ခွဲ(က) ဖြစ်ပါတယ်။ အဲဒီမှာတော့ လယ်ယာမြေဟာ ကျွန်တော်တို့ မြေအားလုံးရဲ့ မူရင်းပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေနဲ့

ပတ်သက်လို့ ကျွန်တော်ကတော့ ပြင်တဲ့အချက်ကလေးတစ်ခုပဲရှိပါတယ်။ မူရင်းမှာ ဘယ်လိုပါလဲ ဆိုလို့ရှိရင် လယ်ယာမြေဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာ လုပ်ကိုင်နိုင်သော မြေရိုင်းများနှင့် လယ်ယာကိုင်းကျွန်း နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိ၊ ဥယျာဉ်၊ ခြံမြေဟူ၍လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများ၊ မြေနုကျွန်းဟု သတ်မှတ်သည့် မြေများ၊ လယ်ယာမြေပေါ်၌ ဤဥပဒေနှင့် အညီ ခွင့်ပြုထား သော မွေးမြူရေး လုပ်ကိုင်သည့် မြေများနှင့် ဆိုတာပါတယ်။ အဲဒီအချက် ဟာ ကျွန်တော်တို့ နုတ်ပယ်သင့်ပါကြောင်း ကျွန်တော်တို့ လေးစားစွာ တင်ပြအပ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လယ် မြေပေါ်မှာ ဤဥပဒေနှင့်အညီ ခွင့်ပြုထားတဲ့ မွေးမြူရေးလုပ်ကိုင်တဲ့ မြေဟာ လယ်ယာမြေအဖြစ် ရပ်တည်နိုင်ခြင်း မရှိပါဘူးခင်ဗျား။ FAO တို့ ဘာတို့ရဲ့ ဖွင့်ဆိုချက်ကတော့ တောင်သူလယ်သမားဆိုတာ စိုက်ပျိုးရေးတင်မက မွေးမြူရေးလုပ်လို့ရပါတယ်။ ကျွန်တော့် ကို အင်္ဂလိပ်လိုသုံးခွင့်ပြုပါခင်ဗျား။ Boundry Farming လုပ်ခွင့်ရှိပါတယ်။ ဒါလူကိုပါ။ မြေကတော့ Farm ကတော့ စိုက်ပျိုးတဲ့မြေကိုသာ ဆိုပြီးတော့ စိုက်ပျိုးတဲ့မြေကနေပြီးတော့ မွေးမြူရေးအဖြစ် ခွင့်ပြုလိုက်လို့ရှိရင် လယ်ယာမြေမဟုတ်တဲ့အတွက်ကြောင့်ဒီစကားရပ်ကို ပယ်နုတ်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ဥပဒေမူကြမ်း မှာမပါသေးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒါက လယ်ယာမြေအငှားချထားတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီမှာ အငှား ချထားခြင်း သို့မဟုတ် သီးစားချထားခြင်းနဲ့ပတ်သက်ပြီးတော့ အကျိုးခံစားခွင့်ကို အတိအလင်းအချိန်ကာလကန့်သတ်၍ဖြစ်စေအချိန်ကာလကန့်သတ်ရာရောက်သည့်အချက်များနှင့် ဖြစ်စေထာဝစဉ်ဖြစ်စေအဖိုးစားနားနှင့်သော်လည်းကောင်း အဖိုးစားနား မပါဘဲသော်လည်းကောင်း လွှဲပြောင်းပေးခြင်းကိုဆိုလိုသည်လို့ ကျွန် တော်တို့ ဒါ ၁၉၅၃ ခုနှစ်က လယ်ယာ မြေ၊ နိုင်ငံမြေ ပြုလုပ်ရေး အက်ဥပဒေမှာပါထားတာရှိပါတယ်။ ဒီဟာ ကျွန်တော်တို့အနေနဲ့ ဒါကို လိုအပ်တယ်လို့ ထင်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ ထည့်ရတဲ့အကြောင်းအရင်းကလည်း နောက်ပိုင်းမှာ ပါ လာမယ့် လွှဲပြောင်းခွင့်တွေ ပိုင်ဆိုင်ခွင့်တွေမှာ ချိတ်ဆက်မိအောင် ဒါကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာမြေအငှားချထားခြင်း သို့တည်းမဟုတ် လယ်ယာမြေသီးစားချထားခြင်း နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြခဲ့တဲ့ အဓိ ပ္ပာယ်ဖွင့်ဆိုချက်ကို အပိုဒ် (ဂ)အောက်က (ဃ) အဖြစ် ဖြည့်စွက်လက်ခံပေးနိုင်ပါရန် ကျွန်တော်လွှတ်တော်ကို တင်ပြအပ်ပါတယ်။ အဲဒီဟာကိုသာ အတည်ပြုမယ်ဆိုရင် နဂိုရှိနေတဲ့ (ဃ)ဟာ (င) ဖြစ်သွားမယ်၊ (င)ကလည်း (စ)ဖြစ်သွားမယ်၊

(စ)ဟာ (ဆ) ဖြစ်သွားမယ်၊ (ဆ)ကလည်း (ဇ) ဖြစ်သွားမှာ ဖြစ်ပါတ ယ်။ အဲဒီမှာ ဆက်လက်ပြီး တော့ ထပ်မံဖြည့်စွက် တင်ပြချင်တဲ့အချက်ကတော့ပိုင်တယ်၊ ပိုင်ဆိုင်သည်လို့တော့၁၉၅၃ ခုနှစ် က ဆိုထားပါတယ်။ အဲဒါကို ကျွန်တော် လက်ရှိအခြေအနေနဲ့ အချိန်အခါနဲ့ ဆီလျော်အောင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။ အဲဒါကျွန်တော် တင်ပြခဲ့တဲ့အတိုင်း ပါပဲ အခန်း(၃) အပိုဒ် (၃)တို့၊ အပိုဒ် (၄)တို့၊ အပိုဒ် (၇) (၈)(၁၀) (၁၃) စတဲ့အပိုဒ်တွေမှာ နောင် ပါလာမယ့်ပိုင်ဆိုင်ခွင့်တွေနဲ့ပတ်သက်တဲ့အတွက်ကြောင့် ဒါကို ပြင်ဆင်စေ ချင်ခြင်းဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်း အတည်ပြုပြီးနောက် ဖြစ်စေ ဤဥပဒေအရ ပြုသည့် နည်းဥပဒေပြဋ္ဌာန်းချက် များနှင့်အညီဖြစ်စေ၊ ဤဥပဒေ စတင် အာဏာမတည်မီကာလ အတွက်ဖြစ်လျှင် ယင်း ကာလတွင် တည်ဆဲဖြစ်သော လယ်ယာမြေ ဥပဒေတစ်ခုခုနှင့်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် သတ်မှတ်ဖော်ပြထားသော လယ်ယာမြေပေါ်တွင် ရရှိသည့် လုပ်ပိုင်ခွင့်ကိုဆိုလိုသည်ဆိုတာကို ကျွန်တော်က (ဇ) နောက်က (ဈ)အဖြစ်နဲ့ ဖြည့်စွက်ပေးသင့်ပါ ကြောင်း ကျွန် တော် လေးစားစွာ တင်ပြအကြံပြုအပ်ပါတယ်။ တစ်ခါထပ်ပြီးတော့ ကျွန်တော်တို့ နောင်မှာ ပါလာနိုင်တဲ့ဟာနဲ့ ချိတ်ဆက်ပြီး အကြံပြုချင်တာက တော့ ပြည်သူ့ လွှတ်တော်ကတော့ ပို့ထားတာမပါဘူး။မပါပေမယ့် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာလည်း ပါခဲ့တာ ရှိခဲ့တဲ့အတွက်ကြောင့် တောင်သူလယ်သမား အဖွဲ့အစည်းဆိုတာရှိခဲ့ပါတယ်။ အခု အလုပ်သမားအဖွဲ့အစည်းများ ဥပဒေတွေလည်းရှိတဲ့အတွက်ကြောင့် တောင်သူလယ်သမားအတွက် ဒီအပိုဒ်ကို ကျွန်တော် ထည့်စေချင်တဲ့အတွက်ကြောင့် တင်ပြခြင်းဖြစ်ပါတယ်၊ တောင်သူလယ်သမား အဖွဲ့အစည်းဆိုသည်မှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်း ထားသော တောင်သူလယ်သမားအဖွဲ့ အစည်းကို ဆိုလိုသည်ဆိုတဲ့အချက်ကို ထည့်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအမှတ်(၄)မဲဆန္ဒနယ်မြေမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရဲမြင့်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ပြည်သူ့လွှတ်တော်က အတည်ပြုပြီး တော့အမျိုးသားလွှတ်တော်ကို ပေးပို့လာတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို လေ့လာပြီး တော့ ပြင်ဆင်ဖြည့်စွက်သင့်တဲ့အရာတွေကို ကျွန်တော် ထပ်မံပြီးတော့ ဖြည့်စွက်ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကအတည်ပြုပြီး ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေ မူကြမ်းဆိုတဲ့ထဲမှာ ပါရှိခြင်း မရှိတဲ့ စကားလုံးအမည်အချို့နဲ့ အဓိပ္ပာယ် သတ်မှတ်ချက်အချို့ဟာ အမှန်တကယ်လည်း ကျွန်တော်တို့ လက်ရှိ အသုံးတည့်နေတယ်။ နောင်လည်း အသုံးတည့်မှာ ဖြစ်တဲ့အတွက် ထိုစကားရပ်များကို ကျွန်တော် ဖြည့်စွက်ပြီး တင်ပြလိုခြင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ပြည်သူ့လွှတ်တော်က အတည်ပြု ပြီးဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းမှာ ပါရှိခြင်းမရှိပေမယ့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေမှာ ပါရှိတဲ့ သီးစားဆိုတဲ့ စကားရပ် ကို ထည့်သွင်းချင် ပါတယ်။ “သီးစား” ဆိုသည်မှာ လယ်ယာမြေ ကို လက်ရှိထား၍ အဆိုပါလယ်ယာမြေ အတွက် သီးစားခပေးရန် တာဝန်ရှိသောသူကို သို့တည်း မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်ဆိုတဲ့စာပိုဒ်ကို ယခု ဥပဒေရဲ့ မူလအခန်း(၁) စာပိုဒ်(၂) စာပိုဒ်ခွဲ (ဈ)ရဲ့ အောက်မှာ ထပ်မံဖြည့်စွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ ခုနက ပြောတဲ့ ဥပဒေ မူကြမ်းမှာပါရှိခြင်း မရှိသော်လည်း မူလ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေမှာ ပါရှိတဲ့ အဆောက်အဦဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း ဆိုတဲ့ စကားရပ်ကိုလည်း ထပ်မံဖြည့်စွက်လိုပါတယ်။ အဆောက်အဦဖြင့် တိုးတက်ကောင်းမွန် အောင် ပြုပြင်ခြင်းဆိုသည်မှာ လယ်ယာမြေကို လက်ရှိ လုပ်ပိုင်ခွင့်ရှိသူ၏ သို့တည်းမဟုတ် ထိုလုပ်ပိုင်ခွင့်ရှိသူ၏ လက်ရှိမရမီ ထိုလယ်မြေကို အခြား လုပ်ပိုင်ခွင့်ရှိသူများ၏ စရိတ်ဖြင့် သော်လည်းကောင်း၊ လုပ်အားဖြင့်သော်လည်းကောင်း ပြုပြင်ခြင်းကြောင့် လယ်ယာမြေ၏ တန်ဘိုးကို ထာဝစဉ်မြင့်တင်စေသည့် ပြုပြင် ခြင်းကို ဆိုလိုသည်။ ထိုစကားရပ်တွင် လယ်ယာ လုပ်ကိုင်သူ နေထိုင်ရန် သို့တည်းမဟုတ် လယ်ယာလုပ်ငန်း၏ အထောက်အပံ့ ဖြစ်စေသော

အမှုကိစ္စအတွက် တည်ဆောက်ပြုလုပ်ထား သော အဆောက်အဦ ၊ ရေထုတ်ရေသွင်းအတွက် လုပ်ဆောင်ထားမှုများ၊ ဆည်မြောင်းများ၊ ကန်များ၊ ရေတွင်းများ၊ ရေကာတာများ၊ လမ်းများနှင့် အခြားသောထာဝစဉ်တိုးတက်ကောင်းမွန်အောင် ပြုလုပ်သည့် လုပ်ဆောင်မှုများ ပါဝင်သည်။ သို့ရာတွင် ထွန်ယက်စိုက်ပျိုးရန်အတွက်မြေရှင်းခြင်း၊ ကန်သင်းပြုလုပ်ခြင်းနှင့် ထာဝစဉ်မတည်မြဲသည့် တိုးတက်ကောင်းမွန်အောင် ပြုပြင်သော လုပ်ဆောင်ထားမှု များ မပါဝင်ချေဆိုတဲ့ စာပိုဒ်ရှိပါတယ်။ အဲဒီစာပိုဒ်ကိုလည်း အခုပြည်သူ့လွှတ်တော်က တင်ပြလာတဲ့ လယ်ယာမြေဥပဒေမူကြမ်း အခန်း (၁) စာပိုဒ် (၂) စာပိုဒ်ခွဲ (ည) ရဲ့အောက်မှာ စာပိုဒ်ခွဲ (ဋ) အဖြစ် အသစ်ထပ်မံ ထည့်သွင်းပေးပါရန် တင်ပြ လိုပါတယ်ခင်ဗျား။ နောက်တစ်ခုက အုပ် ထိန်းသူဆိုတဲ့ စကားရပ် ဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ မှာ ပါရှိတဲ့ "အုပ်ထိန်းသူ" ဆိုတဲ့စကားရပ်မှာ အုပ်ထိန်းသူဆိုသည်မှာ အရွယ်မရောက်သောသူကိုလည်းကောင်း စိတ်ပေါ့သွပ်သူကိုလည်းကောင်း၊ ထိုသူတစ်ဦး၏ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်းနှင့်တကွ လူကိုသော်လည်းကောင်း၊ အုပ်ထိန်း စောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက ခန့်အပ်သူကို ဆိုလိုသည် ဆိုတဲ့ စကားရပ် ဖြစ်ပါတယ်။ ဒီစာပိုဒ်ကိုလည်း အခု အခန်း(၁)၊ စာပိုဒ်(၂) အောက် စာပိုဒ်ခွဲ (ဌ)အဖြစ်နဲ့ ကျွန်တော် အသစ် ထပ်မံထည့်သွင်း တင်ပြလိုပါတယ်။ နောက်တစ်ခုက တစ်ထုံးထွန်ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ ဒါဟာလည်း အမှန်တကယ်လိုအပ်တဲ့ စကားရပ်ဖြစ်လို့ ဒီဥပဒေ မူကြမ်းမှာ မပါ ရှိလာခြင်းကို ထပ်မံ ဖြည့်စွက်လိုပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာပါရှိတဲ့ တစ်တုံးထွန်ဆိုသည်မှာ ဤဥပဒေအရပြုသည့် နည်းဥပဒေအဖြစ်သတ်မှတ်ပြဋ္ဌာန်းသော လယ်ယာမြေ အကျယ်အဝန်းကို ဆိုလိုသည်ဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ပဲ ဖြစ်ပါ တယ်။ ဒါကိုလည်း အခန်း (၁)၊ စာပိုဒ် (၂) စာပိုဒ်ခွဲ (ဍ)ရဲ့ အောက်မှာစာပိုဒ်ခွဲ(ဎ)အဖြစ် အသစ်ထပ်မံထည့်သွင်းလိုပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ မြေခွန်ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာပါရှိတဲ့ မြေခွန်ဆိုသည်မှာ တည်ဆဲဖြစ်သော မြေခွန်နှ င့် အခွန်တော်ဥပဒေများအရ မြေကိုအသုံးချမှုအပေါ် နိုင်ငံတော်က စည်းကြပ်ကောက်ခံသည့် အခွန်အရပ်ရပ်ကို ဆိုလိုသည် ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ဒါဟာလည်း အမှန်တကယ်လိုအပ်နေတဲ့ စကားရပ်ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့တဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းမှာ ပါရှိခြင်း မရှိပါဘူး။ ဒါကို ယခု ဥပဒေကြမ်းရဲ့ အခန်း (၁) စာပိုဒ် (၂) စာပိုဒ်ခွဲ (ပ)ရဲ့ အောက်မှာ စာပိုဒ်ခွဲ(ဏ)အဖြစ် အသစ်ထပ်မံ ထည့်သွင်းခွင့်ပြုပါရန် တင်ပြလိုပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ ရေခွန်နှင့်တာတမံခွန် ဆိုတဲ့ စကားရပ်ဟာလည်း အမှန်တကယ် လိုအပ်တဲ့ လက်ရှိလည်း အသုံးပြုနေတဲ့အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပါတယ်။ဒါကိုလည်း ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်ကို ပိုမိုကျစ်လျစ်ပြီးတော့ လက်ရှိအခြေအနေနဲ့ ကိုက်ညီမှုရှိတဲ့ ရေ ခွန်နဲ့ တာတမံခွန်ဆိုသည်မှာ တည်ဆဲဖြစ်သော ဥပဒေ အမိန့်နှင့် ညွှန်ကြားချက်များအရ သီးနှံစိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေရရှိရေးကို နိုင်ငံတော်မှ ဆည်မြောင်းများ တည်ဆောက်၍လည်းကောင်း၊ မြစ်ရေတင် စီမံကိန်းများဖြင့်လည်းကောင်း ဆောင်ရွက်၍ ရေပေးဝေခြင်းအတွက် ထမ်းဆောင်ရသောအခွန်နှင့် စိုက်ပျိုးမြေ များအား ရေနစ်မြုပ်ခြင်းမှကာကွယ်ပေးရန် တာတမံများတည်ဆောက်ကာကွယ်ပေးခြင်းအတွက် ပေးဆောင်ရသော အခွန်တို့ကိုဆိုလိုသည်လို့ ဖော်ပြလိုပါတယ်။ ဒီစာပိုဒ်ကိုလည်း ယခု ပြည်သူ့လွှတ်တော်က တင်ပြလာတဲ့ ဥပဒေမူကြမ်းရဲ့ အခန်း (၁) စာပိုဒ်(၂) စာပိုဒ်ခွဲ(ဏ)ရဲ့အောက်မှာ စာပိုဒ်ခွဲငယ်(တ) အဖြစ် ထည့်သွင်းပေးပါရန် တင်ပြလိုပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးခင်မောင်ငွေးဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဦးခင်မောင်ငွေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ငွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာတဲ့၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကိုလေ့လာပြီး ပိုမိုပြီးတော့ပြည့်စုံစေရန် ရည်ရွယ်ချက် နဲ့ ပြင်ဆင် ဖြည့်စွက်သင့်သည်များကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား ။ ယခု ကျွန်တော့်တင်ပြချက်များနဲ့ ပတ်သက်ပြီးတော့မှ မူလ ဥပဒေမူကြမ်း တင်သွင်းသူကလည်းပဲ သဘောတူပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြု

ထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်း အခန်း (၂) စာပိုဒ် (၃)ပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဟု ပိုမိုပြည့်စုံစေရန် ပြင်ဆင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းနဲ့ အခန်း (၃) စာပိုဒ် (၄) စာပိုဒ်ခွဲ (ခ)၏ မှတ်ချက်တွင် ပါရှိတဲ့ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဟု ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းတွင် ပါရှိခြင်း မရှိသော်လည်းပဲ တောင်သူလယ်သမားအကျိုးငှာ ထပ်မံအသစ် ဖြည့်စွက်ထည့်သွင်းလိုတာကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင် လွှဲပြောင်းခြင်းတို့နှင့် ပတ်သက်ပြီး ငွေရေးကြေးရေးဆိုင်ရာ အမှုကိစ္စများမှအပ အခြားသော ငွေရေးကြေးရေးဆိုင်ရာ အမှုကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့မှ လယ်ယာမြေလုပ်ပိုင်ခွင့်အား သိမ်းယူခြင်း၊ အပြီးအပိုင် လွှဲပြောင်းခြင်းများပြုလုပ်ရဆိုတဲ့ စာပိုဒ်ကို ယခုဥပဒေအခန်း (၃) စာပိုဒ် (၄) စာပိုဒ်ခွဲ (ဆ) အောက်မှာ စာပိုဒ်ခွဲ (ဇ)အဖြစ် အသစ်ထပ်မံထည့်သွင်းပေးပါရန်လည်း တင်ပြအပ်ပါတယ်။ ဒီလိုထပ်မံအသစ် ထည့်သွင်းပေးခြင်းကလည်း တောင်သူလယ်သမားများအကျိုးအတွက် အကြွေးအဖြစ် လယ်ယာမြေများကို မသိမ်းနိုင်စေရန်အတွက် ထပ်မံဖြည့်စွက်သင့်ကြောင်းတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေမူကြမ်းအခန်း (၅) စာပိုဒ် (၁၁) စာပိုဒ်ခွဲ (ခ) တွင် ပါရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟုလည်းကောင်း၊ ယင်းအခန်း (၅) စာပိုဒ် (၁၁) စာပိုဒ်ခွဲ (င) မှာ ပါရှိတဲ့ ရပ်ကွက် /ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟူ၍လည်းကောင်း ပြင်ဆင် သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေမူကြမ်း အခန်း (၆) စာပိုဒ် (၁၈)မှာ ပါရှိတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစား ရပ်ကွက် သို့မဟုတ် ကျေးရွာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဟု ပြင်ဆင်ပေးပါရန်လည်း တစ်ဆက်တည်းတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေမူကြမ်း အခန်း(၁၀) စာပိုဒ် (၂၅)ရဲ့ အောက်မှာ ထပ်မံထည့်သွင်းထားသော စာပိုဒ်(၂၆) နဲ့ (၂၇) တို့ကို အတည်ပြုပြီးဖြစ်ပါက ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေမူကြမ်း အခန်း (၁၁) လယ်ယာမြေကို စီမံခန့်ခွဲခြင်းပါ စာပိုဒ် (၂၆)၊ (၂၇)၊ (၂၈) တို့အား

စာပိုဒ် (၂၈)၊ (၂၉)၊ (၃၀) ဟု ပြောင်းလဲပေးပါရန်လည်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေမူကြမ်းရဲ့ အခန်း (၁၁) စာပိုဒ် (၂၈) ယခုစာပိုဒ် အသစ်တိုးလာတဲ့ ပြောင်းလဲသွားတဲ့ စာပိုဒ် (၃၀)တွင် ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့် မြေလွတ် မြေရိုင်း ကိုမဆို သီးသန့် ထားရှိနိုင်သည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ မြေယာလုပ်ပိုင်ခွင့် / အသုံးပြု ခွင့်ပေးရန် လုပ်ထုံးလုပ်နည်းများအရ စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် /အသုံးပြု ခွင့်ပေးခဲ့သည့် မြေများနှင့် စပ်လျဥ်း၍ မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသောအခါ အဆိုပါ မြေများသည် စိုက်ပျိုးမွေးမြူမှု တည်ငြိမ်သော လယ်ယာမြေများဖြစ်သဖြင့် ဤဥပဒေအရ အကျုံးဝင်စေရမည်ဟု မျဥ်းစောင်း၏နေရာတွင် သို့မဟုတ် ပြင်ဆင်နိုင်ပါရန် ဆွေးနွေးတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်န ယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးညီညီထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးညီညီထွန်းမွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ကတော့ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့တဲ့ ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေမူကြမ်းကို လေ့လာပြီးတော့ ပိုမိုပြည့်စုံစေရန် ရည်ရွယ်ပြီးတော့ ပြင်ဆင်ဖြည့်စွက် သင့်သည်များကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြချက်အပေါ် မှာလည်း မူလ ဥပဒေမူကြမ်းတင်သွင်းသူကလည်း သဘောတူပြီးဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့်အခန်းကတော့ အခန်း (၇)ဖြစ်ပါတယ်။ ဒီအခန်း(၇)က စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်၍ အရေးယူခြင်း အခန်းဖြစ်ပါတယ်။ ဒီအခန်းရဲ့ ပုဒ်မ၁၉ မှာ ဤဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်အားလုံးကိုဖြစ်စေ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှ င်

ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်**ည်** ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် ထိုလယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်ဆိုပြီးတော့ ဆိုထားပါတယ်။ အဲဒီစာပိုဒ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို လျော်ကြေးမပေးဘဲ ပြန်လည်ရုပ်သိမ်းနိုင်သည်ဆိုပြီးတော့ပြင်ဆင်ချင်ပါတယ်။ အကြောင့်လည်းဆိုတော့ကျွန်တော်တို့ ဒီအခန်း (၉)မှာ နစ်နာကြေးနဲ့ လျော်ကြေးများဟာ တကယ်လို့ နိုင်ငံတော်ကနေပြီးတော့ သိမ်းယူမယ်ဆိုရင် လ ယ်ယာမြေအတွက် နစ်နာကြေးနဲ့ လျော် ကြေးများကို နည်းဥပဒေအရ ပေးရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဒီတော့ကာ စည်းကမ်းမဲ့လို့၊ စည်းကမ်းပျက်လို့ သိမ်းမယ်ဆိုရင် လျော်ကြေးပေးစရာ မလိုပါဘူး။ ဒါကြောင့် ဒီအခန်းမှာ လျော်ကြေးမပေး ဘဲ စာသားအားထပ်မံ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင်ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်**တော်**နနဲ့ ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို လေ့လာပြီး ပိုမိုပြည့်စုံစေရန် ရည်ရွယ်၍ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ယခုတင်ပြချက်များနှင့် ပတ်သက်ပြီးတော့ မူလဥပဒေမူကြမ်း တင်သွင်းထားသူကလည်း သဘောတူညီပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသော ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်း အခန်း (၁၀)ပါ လယ်ယာမြေကို အသုံးချခြင်း ခေါင်းစဉ်ပါ စာပိုဒ် (၂၅) အောက်တွင် တောင်သူလယ်သမား များ အကျိုးပိုမို ဖြစ်ပေါ်နိုင် မည်ဟု ယူဆသော စာပိုဒ် (၂၆)ကို အောက်ပါအတိုင်း အသစ်ထပ်မံဖြည့်စွက်ရန် အကြံပြု တင်ပြအပ်ပါတယ်။

စာပိုဒ် (၂၆) နိုင်ငံတော်အကျိုးပိုမိုဖြစ်ထွန်းစေမည့် စီမံကိန်းများဆောင်ရွက်ရန် လယ်ယာမြေများကို သိမ်းယူရာတွင် အနည်းဆုံးလိုအပ်သော ပမာဏကိုသာ သိမ်းယူရမည်။ လျာထားသည့်စီမံကိန်းများ သတ်မှတ်ကာလအတွင်း အပြီးဆုံးပြီးစီးအောင် အကောင်အထည်ဖော်ရမည်။ အကယ်၍ စီမံကိန်းများ ဆောင်ရွက်ခြင်း မပြုတော့ပါက မူလလုပ်ပိုင်ခွင့်ရရှိထားသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ပြန်လည်ပေးအပ်ရမည်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသော ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေမူကြမ်းအခန်း (၁၀) လယ်ယာမြေကို အသုံးချခြင်း ခေါင်းစဉ်ပါ အထက်စာပိုဒ် (၂၆)အား အတည်ပြုပါက စာပိုဒ် (၂၆) အောက်တွင် တောင်သူလယ်သမားများ အကျိုး ပိုမိုဖြစ်ပေါ်စေနိုင်မည်ဟုယူဆသော အောက်ပါစာပိုဒ် (၂၇) ကို အသစ်ထပ်မံထည့်သွင်းရန် အကြံပြု တင်ပြအပ်ပါတယ်။ နိုင်ငံတော်သမ္မတ ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်ကသော်လည်းကောင်း၊ အခြားနည်း အမိန့်ဆင့်ဆို သည်မှ တစ်ပါး ကျွဲ၊ နွား စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေဘဲ ဆက်လက်ထားရှိရမည်။ အထက်စာပိုဒ် (၂၇) သည် ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသည့် လယ်ယာမြေဥပဒေမူကြမ်းအခန်း (၁၀) လယ်ယာမြေကို အသုံးချခြင်း ခေါင်းစဉ် အောက်တွင် ပါရှိခြင်း မရှိပါ။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အသစ်ထည့်သွင်းရန်တင်ပြခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသော ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေမူကြမ်းအခန်း (၁၀) စာပိုဒ် (၂၅)၏ အောက်တွင်ထပ်မံထည့်သွင်းထားသော စာပိုဒ်(၂၆) နှင့် စာပိုဒ်(၂၇) တို့ အတည်ပြုပြီး ဖြစ်ပါက ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသော ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းအခန်း (၁၁) လယ်ယာမြေကို စီမံခန့်ခွဲခြင်းပါ စာပိုဒ် (၂၆)၊ (၂၇)၊ (၂၈) တို့အား (၂၈)၊ (၂၉)၊ (၃၀) အဖြစ် ပြောင်းလဲပေးပြီးပါက အလားတူ အခန်း (၁၂) ပြစ်ဒဏ်များ၊ စာပိုဒ် (၂၉) အား (၃၁) ဟုလည်းကောင်း၊ စာပိုဒ် (၃၀) အား (၃၂) ဟု လည်းကောင်း၊ စာပိုဒ် (၃၁) အား (၃၃) ဟုလည်းကောင်း၊ အခန်း (၁၃) အထွေထွေစာပိုဒ် (၃၂) အား (၃၄) ဟုလည်းကောင်း ပြောင်းလဲပြင်ဆင်ပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို လေ့လာပြီး ပိုမို ပြည့်စုံရန် ရည်ရွယ်၍ ပြင်ဆင်ဖြည့်စွက် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရှေ့မှာ တော်တော်လေး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည့်စုံအောင် ဆွေးနွေးသွားပြီဖြစ်တဲ့ အတွက် ကျွန်တော့်အနေနဲ့ အချက် တစ်ချက်ကိုပဲ ကျွန်တော် ဆွေးနွေး သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်း အခန်း (၁၃) အထွေထွေခေါင်းစဉ်ပါ စာပိုဒ်(၃၂) ကို ရှေ့က ကျွန်တော်တို့ ပြင်ဆင်ပြောင်းလဲခဲ့တဲ့အတွက်(၃၄) အဖြစ် ပြောင်းလဲအတည်ပြုပြီးဖြစ်ပါက စာပိုဒ် (၃၄) ရဲ့ နောက်မှာ စာပိုဒ် (၃၅)အဖြစ် အောက်ပါ အတိုင်း အသစ်ထပ်မံထည့်သွင်းရန်ဖြစ်ပါတယ်။ စာပိုဒ် (၃၅) တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်စေရေးကိုရှေ့ရှု၍သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေများအတိုင်း တောင်သူလယ်သမားအဖွဲ့အစည်းအား ဖွဲ့စည်းနိုင်သည်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ယခု အသစ် ထပ်မံထည့်သွင်းတဲ့ စာပိုဒ် (၃၅)ဟာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းတွင် ပါရှိခြင်း မရှိပါ ။ သို့သော်လည်းပဲ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာ ပါရှိခဲ့ ပါတယ်။ ဒီအချက်ဟာ ထည့်သွင်းဖော် ပြရန် လိုအပ်တဲ့ အတွက် အသစ်ထပ်မံ ထည့်သွင်းရန် ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်း အခန်း (၁၃) အထွေထွေခေါင်းစဉ်ပါ စာပိုဒ်မှာ စာပိုဒ် (၃၅) အား အသစ်ထည့်သွင်းရန် အတည်ပြုပြီးဖြစ်ပါက မူလ အတည်ပြုထားတဲ့ ဥပဒေပါ စာပိုဒ် (၃၃) ကို စာပိုဒ် (၃၆) အဖြစ် ပြောင်းလဲပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် ဆွေးနွေးမယ့် ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့ ပတ်သက်ပြီးတော့ အဓိပ္ပာ ယ်ဖွင့်ဆိုချက်ရယ် နောက်တစ်ခါ လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့တွေဖွဲ့တဲ့နေရာမှာ ဒီဖွဲ့စည်းပုံလေး ပိုမိုတိကျစေရန် တစ်ခုနဲ့နောက်တစ်ခုက နောက်ဆုံးတစ်ခုက ဥပဒေဖြည့်စွက်ချက်တစ်ချက်ဆိုပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်ဆွေးနွေးမယ့် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာဆိုလို့ရှိရင် ဒီလယ်ယာမြေ ဥပဒေမှာပါတဲ့ လယ်ယာလုပ်ပိုင်ခွင့်တွေမှာဆိုလို့ရှိရင်အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်းလဲလှယ်ခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းစတဲ့ စကားလုံးတွေ ပါလာတာတွေ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံတော်သစ်ကြီးရဲ့ လယ်ယာမြေကဏ္ဍနဲ့ပတ်သက်ပြီးတော့ တစ်ခေတ်ဆန်းလာတဲ့ လယ်ယာကဏ္ဍရဲ့ ကဏ္ဍအသစ်ကလေးတစ်ခုပဲ ဖြစ်ပါတယ်။ ဒါလေးနဲ့ ပတ်သက်ပြီးတော့လည်း ရှေ့ပိုင်းမှာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ တို့ကလည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဥပဒေမှာ ပိုမိုတိကျစွာ ဖွင့်ဆိုပေးနိုင်ဖို့အတွက်ကြောင့်မို့လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကလေးကို ကျွန်တော် ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီအခန်း (၃)မှာဆိုရင် အခန်းခေါင်းစီးမှာပါတဲ့ အသုံးချခွင့် ခုနကလည်း လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ကလည်းပြောသွားပါတယ်။ ဒီ အသုံးချခွင့်ကို လုပ်ပိုင်ခွင့်ပြောင်း ဖို့ကိစ္စ ဒီဥစ္စာလည်း ထည့်ထားပါတယ်။ ဒါကတော့ ဥပ ဒေ တစ်ခုလုံးမှာ လုပ်ပိုင်ခွင့်လို့ရေးထားတဲ့ အတွက်ကြောင့်မို့လို့ ဒီမှာအသုံးချ ခွင့်ဆိုတဲ့ ဒီခေါင်းစဉ်မှာ ကျန်ခဲ့တဲ့ ဒီစကားလုံးလေးကို ဒါ စာသားလေးကို ပြင်ဆင်ဖို့ တင်ပြထားခြင်းပဲဖြစ်ပါတယ်။ ဒီအခန်း ထဲမှာ တော်တော်များများ ဆွေးနွေးချင်တာကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေမှာ အငှားချထားခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင် လွှဲပြောင်းခြင်းနဲ့ အဓိပ္ပာ ယ်များကို ဖွင့်ဆိုပေးဖို့ ဖြစ် ပါတယ်။ ဒီအဓိပ္ပာယ် ဖွင့်ဆိုတဲ့နေရာမှာ ကျွန်တော်ဥပမာပေးထားတာက အငှားချထားခြင်းဆိုသည်မှာ

မိမိလုပ်ပိုင်ခွင့်ရှိသော လယ်ကို တခြားတစ်ဦးစာစ်ယောက်ထံသို့ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ဖြစ်စေ၊ အခကြေးငွေယူ၍ လုပ်ပိုင်ခွင့်ပေးခြင်း၊ နောက်တစ်ခါ အမွေဆက်ခံခြင်း ဆိုသည်မှာ မိမိလုပ်ပိုင်ခွင့်ရှိသော လယ်ယာမြေကို မိမိအမွေစား၊ အမွေခံသားသမီးသို့ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းကို ဆိုသည်။ ပေးကမ်းခြင်းဆိုသည်မှာ မိမိလုပ်ပိုင်ခွင့်ရှိသော လယ်ယာမြေကို ဥပဒေနှင့် အညီ မိမိလုပ်ပိုင်ခွင့်အား အခြားပုဂ္ဂိုလ်တစ်တစ်ဦးထံသို့ တရားဝင်အပ်နှင်းခြင်းကိုဆိုသည် ဆိုပြီးတော့ ကျွန်တော် ဖော်ပြထားပါတယ်။ နောက်တစ်ခါ ဒီအခန်း (၃) ပုဒ်မခွဲ(ဂ)နဲ့ (ဃ)မှာ လဲလှယ်ခြင်းဆိုတဲ့ စကားလုံးကိုလည်း ကျွန်တော် ဆွေးနွေးချင်ပါတယ်။ ဒီလဲလှယ်ခြင်းဆိုတဲ့ ဥစ္စာက ဒီလယ်ယာ မြေ ပိုင်ဆိုင်ခွင့်ကို ရောင်းချခြင်း သဏ္ဍာန်ပေါက်နေပါတယ်။ နောက်ပြီးတော့ ဥပဒေရဲ့ အခန်း (၄) ပုဒ်မ ၇ ပုဒ်မခွဲ (င) မှာ လယ်ယာမြေနှစ်ပ်လျဉ်း၍ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း စသည်တို့ကို ဆောင်ရွက်သည့်အခါ သတ်မှတ်သည့် ဝန်ဆောင်မှုကို အခွန်အခပေးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မှချမှတ်ပုံတင်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီထဲမှာ လဲလှယ်ခြင်းဆိုတဲ့ စကားလုံးကို မတွေ့ပါဘူးခင်ဗျား။ နောက်တစ်ခါ လဲလှယ်ခြင်းဆိုတဲ့ စကားလုံးဟာ ဘယ်မှာပါသလဲဆိုလို့ရှိရင် ဥပဒေအခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) (ဃ) နောက်တစ်ခါ ပုဒ်မ ၉ မှာ ပါ ပါတယ်။ ဒ ါပေမယ့် ဒီလဲလှယ်ခြင်းရဲ့ အဓိပ္ပာ ယ်ကို တကယ်လို့ ထည့်မယ်ဆို လို့ ရှိရင် တိတိကျကျဖွင့်ဆိုပေးပြီး တကယ်လို့ မလိုရင်လည်း ဖြုတ်ပေးဖို့ဖြစ်ပါတယ်။ ဒါ ဒီအဓိပ္ပာယ် သတ်မှတ်ချက်နှင့် ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော် ဆက်ဆွေးနွေးချင်တာက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းတဲ့ အခန်း (၅)မှာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို တိတိကျကျလေးပိုမိုဖြစ်စေလိုတဲ့သဘောနဲ့ နောက်ပြီးတော့ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းစီမံခန့်ခွဲရေးဥပဒေကြမ်းမှာလည်း ဆွေးနွေးခဲ့သလိုပေါ့၊ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီကို ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကော်မတီကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပေးဖို့အတွက် ဆွေးနွေးခြင်းဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ အခန်း(၁၃) အထွေထွေအခန်းမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၁ မှာ ပုဒ်မခွဲ (ခ)အဖြစ် ထပ်မံ ဖြည့်ဆည့်ပေးလိုတဲ့ သဘော ပါပါတယ်။ အခု ပြောင်းလဲလာတဲ့ လယ်ယာမြေစနစ်ရဲ့ ပြောင်းလဲမှုကိုပိုမိုတိကျစေလိုတဲ့ သဘော၊ ပိုမိုကောင်းမွန်စေလိုသောသဘောနဲ့ ဒါကို ဆွေးနွေးရခြင်း၊ ဖြည့်စွက် ရခြင်းဖြစ်ပါတယ်။ ဒီအခန်း (၁၃) အထွေထွေအခန်းမှာ ပုဒ်မ ၃၁ ပုဒ်မခွဲ (ခ) အဖြစ် ဝန်ကြီးဌာနသည် ဤဥပဒေအရ လုပ်ဆောင်ရန်ရှိသည်များကို တိကျမှန်ကန်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်သော နည်းဥပဒေများကို

ပြဋ္ဌာန်းပေးရမည်ဆိုတဲ့ အပိုဒ်တစ်ပိုဒ်ကို ဖြည့် ဆည်းပေးဖို့ ဖြစ်ပါတယ်။ တကယ်လို့ ဒီအပိုဒ်ကို ထည့်ဖြစ်ခဲ့မယ်ဆိုလို့ရှိရင် ဒီအပိုဒ်၊ ဒီမူရင်း ဒီပြည်သူ့လွှတ်တော်ကနေပြဋ္ဌာန်းလာတဲ့ ၂၀၁၁ ခုနှစ်၊ ဥပဒေကြမ်း ပုဒ်မ၃၂ (ခ)ဟာ (ဂ) ဖြစ်သွားမှာ ဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် (၈) ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၏ ဧရာဝတီမြစ်အထက်ပိုင်းတွင် တမံကြီးများတည်ဆောက်ရန် စီမံကိန်းများနှင့် အတူ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး စီမံကိန်များ ထည့်သွင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် က ဧရာ ဝတီမြစ်အထက်ပိုင်းတွင် တမံကြီးများတည်ဆောက်ရန် စီမံကိန်းများနှင့်အတူ ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေး စီမံကိန်းများ ထည့်သွင်းဆောင်ရွက် ပေးရန် အဆိုနှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ ထားပါတယ်။ ယခု ဦးစိုးမြင့် က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန် တော်အနေနဲ့ အမျိုးသားလွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စုအစိုးရသို့ အဆိုတစ်ရပ်တင်သွင်းလိုပါတယ်။ အဆိုကတော့ ဧရာ ဝတီမြစ်၏အထက်ပိုင်းတွင် တမံကြီးများ တည်ဆောက်ရန် စီမံကိန်းများနှင့်အတူ ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေး စီမံကိန်းများထည့်သွင်း

ဆောင်ရွက်ပေးပါရန် အဆိုဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်အဆိုကို မတင်ပြမီမှာ ဒီအဆိုကို တင်ပြရခြင်းရဲ့ ရည်ရွယ်ချက်ကလေးကို တင်ပြလိုပါတယ်။ ဒီအဆိုတင်ပြ ရတာကတော့ အခု ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ယနေ့ ဖြစ်ပေါ်နေရတဲ့ ဧရာဝတီမြစ်ရဲ့အခြေအနေကို တင်ပြလိုခြင်း၊ နောက်တစ်ချက်ကတော့ ယနေ့အများပြောနေတဲ့ မြန်မာနိုင်ငံတည်တံ့နေသမျှ ကာလပတ်လုံး ဧရာဝတီမြစ်ကြီး ရှင်သန်နေရေးဆိုတဲ့အတွက် ဧရာဝတီမြစ်ကြီးရှင်သန်နေဖို့အတွက် ဆောင်ရွက်ရန်ရှိတဲ့ အချက်အလက်တွေကို အမျိုးသားလွှတ်တော်သို့ တင်ပြလိုတဲ့ရည်ရွယ်ချက်နဲ့ ကျွန်တော် တင်ပြခြင်းဖြစ်ကြောင်း ပထမပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ယနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ရဲ့အခြေအနေကို တင်ပြလိုပါတယ်။ ဧရာဝတီမြစ်ကြီးဟာ ရှေးနှစ်ပေါင်းများစွာက နေပြီးတော့ သဘာဝအလျောက်စီးဆင်းနေတဲ့ မြစ်ကြီးဖြစ်ပါတယ်။ ဒီမြစ်ကြီးဟာ ဟိုး နှစ်ပေါင်းထောင်ပေါင်းများစွာကနေပြီး သဘာဝအလျောက်စီးဆင်းတာ ယနေ့အထိ ဖြစ်ပါတယ်။ ဒီမြစ်ကြီးထဲကို စီးဆင်းနေတဲ့ မြစ်က မေခ၊ မ လိခမြစ် နှစ်စင်းက မြစ်ဖျားခံလာပြီး အလားတူပဲ သူ့ မေခ၊ မလိခလိုပဲ အားလုံးဒီ ဧရာ ဝတီမြစ်ကြီးအတွင်းကို စီးဆင်းနေတဲ့ မြစ်ပေါင်း (၃၃) စင်းရှိကြောင်း တင်ပြလိုပါတယ်။ နှစ်ပေါင်းကြာမြင့်လာတာနဲ့အမျှ ဧရာဝတီမြစ်ထဲကို စီးဆင်းနေတဲ့ မြစ်ပေါင်း (၃၃)စင်းထဲက သဲနုံးတွေရဲ့ အနည်ပို့ချမှု၊ ပတ်ဝန်းကျင်ကမ်းပါးတွေရဲ့ ရေစားကမ်းပြိုပြီး အနည်ပို့ချမှုတွေကြောင့် သက်တမ်းရင့်ရော်အိုမင်းလာတာနဲ့ တစ်ပြိုင်တည်း ဧရာ ဝတီမြစ်ကြီးဟာလည်း တဖြည်းဖြည်းနဲ့ ပျက်စီးနေပါတယ်။ ဒီပျက်စီး နေတာက မြစ်တစ်မြစ်ရဲ့ ပျက်စီးမှုဟာ နှစ်ပ ရိစ္ဆေဒ ရာနှင့်ချီပြီး ဖြစ်တဲ့ ဖြစ်စဉ်တွေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ သတိမထားမိပေမယ့် ဘယ်ခေတ်ကပျက်စီးလည်းဆိုတာကို တိတိကျကျ မပြောနိုင်ပေမယ့် ကျွန်တော်သိသလောက်ဆိုလို့ရှိရင် ၁၉၄၂ ခုနှစ် ပတ်ဝန်းကျင်မတိုင်မီကပဲ ပျက်စီးနေတယ်လို့ သုံးသပ်ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ၁၉၄၂ ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက်မှာ ကျွန်တော်တို့ Inland Stream Vessel Act ဆိုပြီးတော့ ထုတ်ပြန်ခဲ့ ပါတယ်။ အဲဒီ Inland Stream Vessel Act ဆိုပြီးတော့ ရေကြောင်းသွားလာရေးအတွက် ဥပဒေထုတ်ပြန်မှုနှင့်အတူ Draft Restriction Law ဆိုပြီးတော့ ရေကြောင်းကန့်သတ်တဲ့ ဥပဒေတစ်ခုလည်း တစ်ပြိုင်တည်းထုတ်ပြန်ခဲ့ပါတယ်။ ဒီဥပဒေကို ဖောက်ဖျက်လို့ရှိရင် ချမှတ်တဲ့ ပြစ် ဒဏ် တွေကိုလည်း ချခဲ့ပါတယ်။ ဒီဥပဒေကို

ဘယ်အချိန်က သတ်မှတ်လည်းဆိုတော့ နိုဝင်ဘာ ၁၅ ရက်ပြောရရင် နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်ကနေပြီးတော့ မေလ ၁၅ ရက်နေ့အထိကို ရေနည်းရာသီလို့ သ တ်မှတ်ပါတယ်။ ဒီအတွင်းမှာ ရေယာဉ်တွေ လိုက်နာရမည့် စည်းကမ်းချက်တွေ၊ ရေစူးကန့်သတ်ချက်တွေ၊ ရေစူးကိုပိုမိုမမောင်းနိုင်အောင် ကန့်သတ်ချက် ထုတ်ပြန်ခဲ့ပါတယ်။ ဒါ ၁၉၄၂ ခုနှစ်က နေပြီး ထုတ်ပြန်ခဲ့တဲ့ ဥပ ဒေပါ။ အခုပြောရရင် မနက်ဖြန်ဆိုရင် ရေနည်းကာလကို ရောက်သွားပါပြီ၊ အဲဒီတော့ ဒီလို ကန့်သတ်ချက်တွေဟာ ၁၉၄၂ ခုနှစ်ကနေပြီး ထုတ်ပြန်ခဲ့တာ ယနေ့အထိ ဒီဥပဒေကို လိုက်နာနေရတုန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီဥပဒေရဲ့ အကျဉ်းချုပ်ကို တင်ပြရလို့ရှိရင် ရေစူး ကန့်သတ်ချက်ဥပဒေလေးကိုပဲ တင်ပြရမယ်ဆိုရင် ဧရာဝတီမြစ်တစ်လျှောက်မှာ စုန်ဆင်းလာတဲ့ မြစ်ကြီးနားကနေ ဆင်ဘိုအထိပဲ ရေကြောင်းသွားလာလို့ ရပါတယ်။ အဲဒီ ရေကြောင်းသွားလာ ရေနည်းကာလ နိုဝင်ဘာ ၁၅ ရက်ကနေ မေ ၁၅ ရက် အတွင်းမှာ မြစ်ကြီးနားကနေ ဆင်ဘိုအတွင်းကို ရေစူးကန့်သတ်ချက်က (၂) ပေနဲ့ (၆) လက်မ ရှိပါတယ်။ ဆင်ဘိုကနေ ဗန်းမော်အကြားမှာ ပထမမြစ်ကျဉ်း ရှိပါတယ်။ သူ့မှာ သင်္ဘောခုတ်မောင်းသွားလာ လို့ မရတဲ့ ရေစူးကန့်သတ်ချက် မရှိပါဘူး။ ရေအနက်ကတော့ များပါတယ်။ သူ့ကို ဝဲကြောင့် ရေကြောင်းသွားလာရေး ခက်တဲ့အတွက်ကြောင့် Navigation လုပ်လို့မရပါဘူး။ ဗန်းမော်နဲ့ ကသာကြားမှာ ရေအနက် (၃) ပေနဲ့ (၆) လက်မ ရှိပါတယ်။ ကသာကနေ မန္တလေးကို(၄) ပေ ရေစူးကန့်သတ်ထားပါတယ်။ မန္တလေးကနေ ပြည်အထိ (၅) ပေ ဖြစ်ပါတယ်။ ပြည်ကနေ ဟင်္သာတအထိ (၅) ပေ၊ (၆) လက်မ ဖြစ်ပါတယ်။ ဟင်္သာတရဲ့ အောက်ပိုင်း က ကျွန်တော်တို့ မြစ် ဝကျွန်းပေါ် ဒေသဖြစ်တဲ့အတွက် ရေတက်၊ ရေကျရှိပြီး ရေကြောင်းကောင်းတဲ့အတွက် ဟင်္သာတ အောက်ပိုင်းကိုတော့ ရေစူးကန့်သတ် ချက် မထားပါဘူး။ ဒီရေစူးကန့်သတ်ချက်လည်းရှိပါတယ်။ အဲဒီတော့ ရေစူးကန့်သတ်ချက်နဲ့သွားနေသော်လည်း မိုးရာသီကာလကျတော့ မိုး ရေကြောင့် ရေအနက်များလာပါတယ်။ နွေ ရာသီမှာ အဲဒီ ဧရာဝတီမြစ်တွင်းမှာ ခုနပြောတဲ့ (၄)ပေ၊ (၅)ပေ၊ (၅)ပေ (၆)လက်မ၊ ရေစူးကန့်သတ်ထားပေမယ့်လို့ မိုးတွင်းကာလမှာ မိုးရေရဲ့ပမာဏနဲ့ ရေ ပေ (၄၀) လောက်ထိ မြင့်တက်လာပါတယ်။ ဧရာ ဝတီမြစ်ထဲမှာ အဲဒီအချိန်မှာတော့ ဧရာဝတီမြစ်ထဲမှာ ရေက နှစ်ဖက်ကမ်းပါးမှာ ဘောင်ခတ်နေပါတယ်။ ဒီ ပေ(၄၀)လောက် အမြင့်ပမာဏကြောင့် ရေစားကမ်းပြိုမှုတို့၊ ရေကြီးရေလျှံမှုတို့ ဘေးအန္တရာယ်ခံရပါတယ်။ အဲ ဒီတော့ မြင့်တက်လာတဲ့ မိုးတွင်းကာလ၊ မိုးရာသီကာလ ပေ (၄၀)လောက် မြင့်တဲ့ ရေထုထည်ပမာဏဟာ မိုးတွင်းမိုးရာသီ မိုးရေ ရေချိုတွေ ဖြစ်ပါတယ်။ ဒီရေချိုတွေ အားလုံးဟာ

ကျွန်တော်တို့ မိုးတွင်းကာ လမှာပဲ ပင်လယ်ထဲကို စီးပြီးတော့ ကျွ  န်တော်တို့ နိုင်ငံတွေအတွက် အလဟဿ  ဖြစ်ခဲ့ရပါတယ်။ ဒီတိုင်းတာတွက်ချက်မှုအရ  ရေချိုပမာဏတွေဟာ ဘယ်လောက်ရှိသလဲဆိုတာ  ကုဗမီတာ သန်းပေါင်း (၈၆၀၀၀၀) ရှိပါတယ်။  အဲဒီ ဂါလံအားဖြင့်  တွက်ရင် $[(၂၂၇x၁၀)^{၁၂}]^{၂}$  ဂါလံသန်းပေါင်း နှစ်ထပ်လောက် (၂၂၇) သန်း၊ ၁၂ ကြိမ်ခန့် ရှိကြောင်း တင်ပြအပ်ပါတယ်။ တကယ်လို့သာ ဒီရေချိုတွေကို ကျွန်တော်တို့  ထိန်းသိမ်းထားနိုင်မယ်၊ ကျွန်တော်တို့ အတွက် စိုက်ပျိုးရေးအတွက် သုံးစွဲရေ   Dam  Save  Water  အတွက်သော်လည်းကောင်း အများကြီး အ ကျိုးရှိသွားပါတယ်။  ရေရှားပါးတဲ့နိုင်ငံတွေကတော့ ဒါ   ကျွန်တော်တို့ နိုင်ငံကို ကြည့်ပြီး ကျွန်တော်တို့   နိုင်ငံက ဒီရေချိုတွေကို အလဟဿ   ဖြစ်တယ်၊ မထိန်းသိမ်းဘူးဆိုတဲ့ ဝေဖန်မှုတွေလည်း ရှိပါတယ်။ အဲဒီလို ဒီမိုးရာသီနဲ့ မိုးရာသီမှာ ရေအနက် ပေ  (၄၀) နဲ့ ပေ (၅၀) ရှိတဲ့ နွေရာသီမှာ (၄)၊ (၅)၊ (၆) ပေရှိတဲ့   Different ကြောင့် ခံစားရတဲ့ ဒုက္ခကြောင့်  နှစ်စဥ် ဧရာဝတီမြစ်ထဲမှာ ရေကြီး ရေလျှံခြင်း၊ ရေလွှမ်းမိုးခြင်းများဖြစ်ခြင်းနဲ့ ရေစားကမ်းပြိုမှု အန္တရာယ် ဖြစ်ကြောင်း တင်ပြလို ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့   Power  Point  နဲ့ တင်ပြဖို့လုပ်သော်လည်း တကယ်အချိန်မမီလို့ ကျွန်တော် မတင်ပြ နိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော် ဒီဧရာဝတီမြစ်ရဲ့ ပျက်စီးနေတဲ့ ရေလမ်းကြောင်းပုံတွေ၊ ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်း၊ တတိယမြစ်ကျဉ်း၊ စတုတ္ထမြစ်ကျဉ်း၊ ပဥ္စမမြစ်ကျဉ်းထိရှိပါတယ်။ မြစ်ကျဉ်းတွေမှာ ရေလမ်းကြောင်း ကနေ့ထိ ကောင်းမွန်ပြီးတော့ ကျန်တဲ့နေရာမှာ ရုပ်ပျက်ပြီးတော့ ဖြစ်နေတဲ့ပုံတွေကို ကျွန်တော်တို့ Settlement က လုပ်ထားပြီး အချိန်မီမတင်ပြနိုင်ခြင်းဖြစ်ပါတယ်။ ပိုပြီးပြည့်စုံအောင်  တင်ပြဖို့ ကျွန်တော်တို့ပြင်တော့ပြင်ဆင်ထားပါတယ်။ အဲ  ဒီတော့ ကျွန်တော်တို့ နှစ်ပေါင်း   ထောင်ချီပြီး သက်တမ်းရှိတဲ့ မြစ်ကြီးဟာ ဇရာအရအိုယွင်းလာပြီး ကျွန်တော်တို့ကလည်း နိုင်နင်းစွာ မထိန်းသိမ်း နိုင်ပါဘူး။ ဒါကြောင့်မို့လို့ နွေရာသီမှာ မြစ်တွင်း    ရေနည်းပါးခြင်း၊ သောင်များပေါ်ထွန်းခြင်း၊ မြစ်ရေမွှာပေါက်များ၊ မြစ်ရေမွှာပေါက်များဆိုတာ မြစ်ကြောင်းတစ်ကြောင်းထဲရှိရမယ့်နေရာမှာ (၄)၊ (၅)၊(၆)ပေါက်ဖြစ်နေတဲ့အတွက်ကြောင့် သဘော်ာတွေသွားပြီး  ရေလမ်းကြောင်းပျောက်ခြင်းဆိုတဲ့ အခက်အခဲတွေနဲ့ ဖြစ်နေရတာရှိပါတယ်။ နောက်တစ်ချက်ကကျွန်တော်ကြုံတုန်းကို တင်ပြချင်တာက ဧရာဝတီမြစ်ရဲ့ ရေသဘာဝပြောင်းလဲလာခြင်းပါ။ ကျွန်တော်တို့ကတော့ ဒီမြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းကို တောက်လျှော  က်လုပ်လာတဲ့ဘဝက ပင်စင်ယူလာ  တဲ့အတွက်ကြောင့် ကျွန်တော် ဧရာဝတီမြစ်ကြောင်း   ပျက်စီးတာနဲ့ပတ်သက်လို့ မှတ်မှတ်ထင်ထင် အများကြီးရှိပါတယ်။

အဲဒီထဲက ဥပမာတစ်ခုပြောချင်တာက ညောင်ဦးမြို့ ၁၉၈၅ ခုနှစ်လောက်တုန်းက ညောင်ဦးမြို့ ရေပေးရေးစီမံကိန်း နိုင်ငံခြားအထောက်အပံ့နဲ့ လုပ် ပါတယ်။ ကျွန်တော်ထင်တယ် အဲဒီတုန်းက ဒိန်းမတ်နိုင်ငံက အင်ဂျင်နီယာတွေလာပြီးတော့ ညောင်ဦးမြို့ ရေပေးရေးစီမံကိန်းလုပ်ပါတယ်။ ညောင်ဦးမြို့ နတ်သမီးကမ်းပါးမှာ မြစ်ရေစုပ်တဲ့ ပိုက်လုံး (၂) လုံးတပ်ဆင်ထားပါတယ်။ အဲဒီ ပိုက်လုံး (၂) လုံးရဲ့ Level ကိုလည်း နိုင်ငံခြားအင်ဂျင်နီယာများကိုယ်တိုင် တွက်ချက်ပြီး တပ်ဆင်ထားခဲ့ပါတယ်။ ၁၉၈၅-၁၉၈၆ က ညောင်ဦးမြို့ ရေပေးရေးစီမံကိန်းရဲ့ ရေပိုက် (၂) လုံးဟာ အခု ၂၀၀၅- ၂၀၀၆ လောက်မှာ (၁၀) နှစ် ကြာတဲ့ အချိန်ကျတော့ အဲဒီရေပိုက်တွေဟာ ညောင်ဦးမြို့ ရေမျက်နှာပြင်အပေါ်မှာ (၄)၊ (၅)၊ (၆) ပေ လောက်ကျန်ခဲ့ပါတယ်။ ဆိုလိုတာက ဧရာဝတီမြစ်ရဲ့ ရေဟာ ၁၉၈၅- ၁၉၈၆ နဲ့ ဒီနေ့နဲ့ စာရင် ရေ (၄)၊ (၅)၊ (၆) ပေလောက်နည်းသွားတဲ့ သဘောတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါဟာ ကျွန်တော်တို့ သတိမမူမမြင် မမှတ်ထားမိတဲ့အတွက်ကြောင့် မှတ်မှတ်သားသား သတိထားမိတဲ့အချိန်ကျတော့ ဧရာဝတီမြစ်ထဲမှာ ရေမျက်နှာပြင်ကျသွားတယ် ဆိုတဲ့အချက်လေးတစ်ချက်ဖြစ်ကြောင်းတင်ပြပါတယ်။ရေသဘာဝပျက်စီးနေတာကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပျက်စီးနေတဲ့ ဧရာဝတီမြစ်ကြီးကို ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ပေးရန် လိုအပ်နေပါပြီ၊ အလားတူပဲ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ က မျက်မြင်ကိုယ်တွေ့ ရေပိုက်လုံး (၂) လုံး ရေပေါ်မှာ (၆) ပေ လောက်ပေါ်သွားသလိုပဲ ညောင်ဦးမြို့မှာ လည်း ကျွန်တော်တို့ မိုးလေဝသနဲ့ဇလဗေဒက ရေမှတ်တိုင်ရှိပါတယ်။ အဲဒီရေမှတ်တိုင်ဟာ ကျွန်တော်တို့ ဌာနက အမြဲတမ်း မြို့ တစ်မြို့ရဲ့ ရေမှ တ်တိုင် Minimum Water Level ကို Standard ထားပါတယ်။ ညောင်ဦးမြို့ရဲ့ Minimum Water Level ကို ကျွန်တော်တို့ (၁၀၀) လို့ ထား ပါ တယ်။ ဒါပေမယ့် အများဆုံးကျလို့ ရှိရင် (၁၁၀) စင်တီမီတာလောက်ပဲ ကျပါတယ်။ ဒါပေမယ့် တဖြည်းဖြည်း ခုန တင်ပြတဲ့ ညောင်ဦးမြို့ နတ်သမီးကမ်းပါး ရေနည်းသွားတော့ ညောင်ဦးမြို့ရဲ့ မြစ်ရေအမှတ်ကလည်း (၁၀၀)ရဲ့ အောက်ကိုကျပါတယ်။ (၁၀၀) အောက်ကိုကျရင် တဖြည်းဖြည်းနဲ့ Zero နားနီးလာပြီး (၁၀၀) အောက်ကနေ (၁၀)၊ (၂၀) လောက်ဘဲ ရှိပါတယ်။ အဲဒီတုန်းက ကျွန်တော်ကိုယ်တိုင် ညွှန်ကြားရေးမှူး ချုပ်ဘဝက အငြိမ်းစားမယူသေးပါဘူး။ အဲဒီအ ချိန်မှာ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးမှူးချုပ်က ဦးထွန်းလွင် ဖြစ်ပါတယ်။ သူကျွန်တော့်ဆီ လှမ်းဖုန်းဆက်ပြီးတော့ ဒီလိုပဲ ရေအမှတ်တွေ Minus အောက် ရောက်သွားမှာစိုးလို့ ကျွန်တော်တို့ က အရင်တုန်းက (၁၀၀) ကို (၁၀၀၀) တန်ဘိုးမြှင့်ပြီးတော့ (၁၀၀၀) plus ပေါင်းပြီးတော့

ရေအမှတ်တွေ ပြောင်းဖတ်တဲ့အကြောင်း သတင်းပို့ပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ ဧရာဝတီမြစ်ကြီးဟာ မသိမသာနဲ့ တဖြည်းဖြည်းနဲ့ မြစ်ထဲမှာ မြစ်ရေနည်းပါးသွားတယ်ဆိုတဲ့ သဘောလေး ကျွန်တော် အမျိုးသားလွှတ်တော်မှာ အခြေအနေမှန်လေးကို တင်ပြခြင်းဖြစ်ပါတယ်။ ဧရာဝတီမြစ် ဒီလိုဖြစ်နေတော့ ကျွန်တော်တို့က ဒီမြစ်ကြီး ကို ကယ်တင်နိုင်ဖို့၊ ရေရှည်တည်တံ့နိုင်ဖို့ ဘာလုပ်မလဲဆိုတဲ့အခါကျတော့ ကျွန်တော် ဆက်ပြီး တင်ပြချင်တာကတော့ တခြားနိုင်ငံတွေမှာ ဒီလိုမြစ်တွေကို ဘယ်လိုလုပ်လဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ဧရာဝတီမြစ်ကြီးဟာ နိုင်နိုင်နင်းနင်းမထိန်းသိမ်းနိုင်သေးUntamed River သဘောဖြစ်ပါသေးတယ်။ တ ခြားနိုင်ငံတွေဟာ ငွေကြေးတတ်နိုင်သောနိုင်ငံတွေက မြစ်တွေဟာ မြစ်အားလုံးကို လူထုက ထိန်းကျောင်းပြီး ပြုပြင်ထားပါတယ်။ အဲ ဒီတော့ နိုင်ငံတစ်နိုင်ငံမှာ နာမည်ကြီး တဲ့ မြစ်တွေရှိပါတယ်။ ဥပမာ - အင်္ဂလန်နိုင်ငံမှာဆိုရင် သိ မ်းမြစ်၊ ပြင်သစ်နိုင်ငံမှာ ဆိုရ င် စိန်း မြစ် ရှိတယ်။ ဒီနိုင်ငံတွေ သူ့မြစ်နဲ့ သူ ခုနက ထိန်းကျောင်းထားပြီးပဲ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ နိုင်ငံကျော် ရို င်းမြစ် ဆိုတာ ရှိပါတယ်။ ရိုင်းမြစ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဧရာ ဝတီပိုင်သလိုမျိုး တစ်နိုင်ငံတည်း မပိုင်ပါဘူး။ ရိုင်းမြစ်ဆိုလိုရှိရင် ဆွစ်ဇာလန်နိုင်ငံမှာ သူက မြစ်ဖျားခံလာပါတယ်။ ဆွစ်ဇာလန်နိုင်ငံကို မြစ်ဖျားခံပြီး ဆွစ်ဇာ လန်နိုင်ငံကို ဖြတ်စီးတယ်။ ဖြတ်စီးပြီး သူနဲ့ အနီးဆုံးမှာ ရှိတဲ့ ဂျာမဏီနိုင်ငံတစ်နိုင်ငံလုံးကို ဖြတ်စီး ပါတယ်။ ဖြတ်စီးပြီးတော့ ဂျာမဏီနိုင်ငံကနေပြီးတော့၊ တစ်ခါ ဘယ်လ်ဂျီယံနိုင်ငံကို ဖြတ် စီးပါတယ်။ ဘယ်လ်ဂျီယံ နိုင်ငံပြီးတော့ နယ်သာလန်နိုင်ငံကို ဖြတ်စီးတယ်။ (၄)နိုင်ငံ ဖြတ်စီးပြီးတော့ ဒီမြစ်က North Sea ထဲ ဝင်သွားပါတယ်၊ အဲ ဒီတော့ ဒီမြစ်ကိုမြစ်ရေကိုသုံးစွဲတဲ့အခါမှာကျွန်တော်တို့လို တစ်နိုင်ငံတည်း လွတ်လွတ်လပ်လပ် မသုံးရဘူး။ သူတို့က ဘယ်နိုင်ငံကPercentage ဘယ်လောက်၊ ဘယ်လောက်သူတို့နိုင်ငံ (၄)နိုင်ငံ ညှိပြီးတော့ သူ့ Percentage နဲ့ သူ သုံးကြတယ်။ အဲ ဒီတော့ သူရတဲ့ ရေရဲ့ ပမာဏလေးကို ယူပြီး ဘာလုပ်ကြသလဲဆိုတော့ သူတို့ Integrated Water Resources ခေါ်ပါတယ်။ Transportation အတွက်၊ Irrigation အတွက်၊ Electricity အတွက် သုံးစွဲကြပါတယ်။ အဲဒီတော့ ဒီမြစ်ပြောရင် ရို င်းမြစ်၊ ကျွန်တော်တို့ ဧရာဝတီမြစ်လောက် မကြီးပါဘူး။ ရိုင်းမြစ်ကို အဆင့်ဆင့် ဆည် တွေ၊ တမံတွေ ခံတယ်။ တစ်နိုင်ငံ ၊ တစ်နိုင်ငံ ကျွန်တော်ခ န့်မှန်းမိသလောက် အနည်းဆုံး (၁၀)ခုထက် မနည်းပါဘူး။ တမံတွေ ဆောက်ပြီး အဆင့်ဆင့် Series တမံတွေ ဆောက်လာတယ်။ ဆောက်လာပြီးတော့ စုစုပေါင်း (၄၀) လောက် (၄) နိုင်ငံ တစ်နိုင်ငံ (၁၀)ခုနဲ့

ဆိုရင် (၄၀) ကျော်လောက်ရှိပါတယ်။ ဒီရေ ခွဲ ဝေသုံးစွဲရတဲ့အတွက်ကြောင့် သူတို့ က ကျွန်တော်တို့လို တမံ အမြင့်ကြီးတွေ မဆောက်နိုင်ဘူး ။ ဆောက်လို့ရှိရ င်လည်း ဒီ့ပြင်နိုင်ငံက ကန့်ကွက်တဲ့အတွက် သူနိုင်ငံသုံးစွဲရတဲ့ Percent နဲ့လိုက်ပြီး တမံလေးတွေ Design လုပ်ပြီး သူ့နို င်ငံရဲ့ Navigation အတွက်ကော Irrigation ကော သူတို့ ဒါကို မျှတသုံးစွဲရပါတယ်။ ဒါ သူတို့နိုင်ငံ မြစ်ကြောင်းထိန်းသိမ်းမှုစနစ်ကို တင်ပြတာပါ။ အဲ ဒီတော့ ဘာပဲဖြစ်ဖြစ် အချုပ်ကြည့် လို့ရှိရင် ကျွန်တော်တို့ မြစ်တစ်မြစ်ကို ရေရှည်တည်တံ့ဖို့ ထိန်း သိမ်းမယ်ဆိုလို့ရှိရင် မြစ်ရဲ့ အထက်ပိုင်းမှာ တမံတည်ဆောက်ရမယ်။ တမံတည်ဆောက်ပြီး မိုးတွင်းမှာ ပင်လယ်ထဲကို စီးဆင်းသွားတဲ့ ရေတွေ အားလုံးကို တမံနဲ့ ထိန်းပြီးတော့ ထိန်းချုပ်ထားခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံက ရေချိုကို အလျှံပယ် သုံးစွဲအောင်လည်းဖြစ်မယ်။ နောက်တစ်ခု အဲဒီရေချိုကို မိုးတွင်းကာလပြီးတော့ နွေရာသီမှာ အခု ကျွန်တော်တို့ မြစ်ထဲမှာ ရေမရှိပါဘူး။ ကျွန်တော် တို့ ရေကြောင်း ထိန်းသိမ်းရေး လုပ်ငန်းလုပ်လာတဲ့အခါကျတော့ ရေကြောင်းမကောင်းလို့ ပြင်ပါ ၊ ပြင်ပါ ဆိုလို့ရှိရင် ထိထိ ရောက်ရောက်မပြင်နိုင်ဘူး။ တ ချို့နေရာလေးတွေမှာ ရေကို Contraction လုပ်ပြီး ရေလုံး သွားအောင် လု ပ်ပေးနိုင်တာကလွဲလို့ ထိရောက်သော ဆောင်ရွက်မှုတွေ မရှိပါဘူး။ တကယ်လို့ သာ အထက်ဖက်မှာ တမံရှိလျှင် နွေမှာ ရေရဲ့ (၄)၊ (၅)၊ (၆) ပေ ရှိတဲ့အချိန်မှာ ကျွန်တော်တို့က အပေါ်က Regulate Dam နဲ့ ရေ Flow လွှတ်ပေးရင် ရေ (၄)၊ (၅)၊ (၈) ပေ မြင့်လာရင် Navigation အတွက်လည်း အထောက်အကူပြုမယ်။ ရေလွှ တ်ပေးနိုင်မယ်။ လိုတဲ့အချိန်မှာ လိုအပ်သလို ရေလွှတ်ပေးနိုင်တဲ့အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဒီရေတွေကို လွှတ်ပေးတဲ့အချိန်မှာ Electricity ထုတ်နိုင်တဲ့အတွက် လိုအပ်တဲ့လျှပ်စစ် ဒါတွေ ရမှာ ဖြစ်ပါတယ်။ အဲ ဒီတော့ အခု ကျွန်တော်တကူးတကက စုဆောင်းထားတာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ကျွန်တော်တို့အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာ Seminar လုပ်တုန်းက ကျွန်တော်တို့ဌာနက ညွှန်ကြားရေးမှူးတစ်ယောက်တင်သွားတာကိုReference တင်ပြရအောင် ကျွန်တော်ယူလာပါတယ်။ အမေရိကန်နိုင်ငံဆိုလို့ရှိရင် ၁၉၃၆ ခုနှစ်လောက်က သူရဲ့ ကော်လိုရာဒို မြစ်ကို ဖြတ်ပြီးတော့ ဆည်ဆောက်ထားပြီးသားဖြစ်ပါတယ်။ ၁၉၃၆ ခုနှစ်က တမံအမြင့် (၇၂၆.၄) ပေ မြင့်ပါတယ်။ နောက် အမေရိကန်ပြည်ထောင်စုပဲ၊ နော့ဖော့ဆိုတဲ့ မြစ်မှာ ၁၉၇၂ ခုနှစ်မှာ ထပ်ပြီး တည်ဆောက်ပါတယ်။ အမြင့် (၇၁၂) ပေရှိပါတယ်။ အလားတူပဲ ဂျော်ဂျီယာ နိုင်ငံလည်း သူဆည်ဆောက်ပါတယ်။ အမြင့် (၈၉၂) ပေရှိပါတယ်။ စပိန်နိုင်ငံ တွန်းဆိုတဲ့ မြစ်မှာ (၆၆၃) ပေရှိတဲ့ ဆည်ကြီးကို

ဆောက်ပါတယ်။ ၁၉၇၀ ခုနှစ်မှာ ဆောက်ပါတယ်။ ဘရာဇီးနိုင်ငံကလည်း ပါလာနား ဆိုတဲ့မြစ်မှာ ပိတ်ပြီး (၆၄၃) ပေ မြင့်သော တမံတစ်ခုဆောက်ပါတယ်။၁၉၈၄ ခုနှစ်မှာ ဖြစ်ပါတယ်။ အီဂျစ်နိုင်ငံ ဒါနာမည်ကြီးပါ။ ဆွ မ်တန်ဆိုတာ အီ ဂျစ်နိုင်ငံ၊ နိုင်းမြစ်ကို ပိတ်ပြီးတော့ (၃၆၄) ပေမြင့်တဲ့ ဆည် ၁၉၇၀ ခုနှစ်မှာ ဆောက်ခဲ့ပါတယ်။ အလားတူပဲ ရု ရှားနိုင်ငံ ဝီလီဆိုင်းဆိုတဲ့ မြစ်ကို ဖြတ်ပြီးတော့ အမြင့်ပေ (၈၀၇) ပေရှိပါတယ်။ ၁၉၇၈ ခုနှစ်မှာ ဆောက်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ အကြမ်း သဘော တင်ပြတာပါ။ ဆိုလို တာကတော့ တကယ် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ရင် ဧရာ ဝတီ မြစ်ကြီး ရှင်သန်နေမယ်ဆိုရင် ကျွန်တော်တို့ အထက်ဖက်မှာ တမံတစ်ခု၊ တမံထိုက်သလိုဆောက် ဒါတွေကတော့ ဒီဇိုင်းဆိုတာတော့ အင်ဂျင်နီယာ နည်းပညာတွေ ဖြစ်ပါတယ်။ အမှန်ကတော့ ဆည်ဆောက်ရမယ်။ ရေတွေဖမ်းထားရမယ်။ နွေမှာလုပ်ရမယ်။အဲဒီအချိန်မှာ ကျွန်တော်ဆက်လက် တင်ပြချင်တာကတော့ တမံဆောက်ရုံနဲ့ မပြီးပါဘူးခင်ဗျား။ ဒီနေရာမှာ ဒီအတိုင်းထားလို့ရှိရင် မြစ်ကြီးဟာ ရေနဲ့ တမံဆောက်လိုက်တဲ့အတွက်ကြောင့် မိုးတွင်းရေလို မစီးတော့ပါဘူး။ ထိန်းကျောင်းထားတဲ့ ရေတွေပဲ လာတဲ့ အတွက်ကြောင့် မြစ်ကြီးဟာ အခုအချိ န်မှာ ပျက်စီးနေတဲ့ အတွက်ကြောင့် မြစ်တွေက ကျယ်ပြန့်သွားပါပြီ ခင်ဗျား။ တချို့နေရာတွေ (၂) မိုင်လောက် ကျယ်ပါတယ်။ အဲ ဒီတော့ အခု ကျွန်တော်တင်ပြတဲ့ အဆိုရည်ရွယ်ချက်က ဒါပါ ပဲ၊ တမံဆောက် တာကလည်း တကယ်ဆောက်သင့်တဲ့ လုပ်ငန်းတစ်ခုပါ။ သို့သော် တမံဆောက်တာနဲ့ နည်းတူ အောက်က မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းတွေလည်း လုပ်ဖို့ လိုအပ်လှပါတယ်။ တမံ ထုတ်လွှတ်မယ့် ရေပမာဏနဲ့ ညီမျှတဲ့ မြစ်ရေ ရှိဖို့လိုပါတယ်။ အဲဒီတော့ အခု (၂) မိုင်လောက် ကျယ်တဲ့မြစ်ကို ကျဉ်းပေးရမှာ ရှိပါတယ်။ ချောင်း ၊ မြောင်းဖော်သလို မြစ်၊ ချောင်းဟော င်းတွေ ဖော်ပေးရပါမယ်။ကျဉ်းပေးတယ်ဆိုတာကလည်း ရေလမ်းကြောင်းကို သင့်တင့်တဲ့ ရေလမ်းကြောင်း ဖြစ်အောင် ပြန်ဖော်ဖို့ လိုပါတယ်။ ဒါကို ဦးစားပေးဖို့လိုပါတယ်။ ကျွန်တော်တို့ ၁၉၈၆ ခုနှစ်လောက်တုန်းက Royal Haskoning ကုမ္ပဏီနဲ့ Feasibility Study လုပ်ဖူးပါတယ်။ လုပ်တဲ့အချိန်မှာ နွေကာလမှာ ဧရာဝတီမြစ် ရှိရမယ့် မြစ်အကျယ်ဟာ မီတာ (၅၀၀)၊ ပေ (၁၅၀၀) လောက် ရှိပါတယ်။ အဲဒီနေရာမှာ တကယ်လို့ (၂) မိုင်လောက်ရှိတဲ့ မြစ်ထဲ မှာ အခုလွှ တ်မယ့် ရေနဲ့ ဘယ်လို မှ မဖြစ်ပါဘူး။ ဒါက အခုကြုံတုန်း ဟိုတစ်လောတုန်းက စက်တင်ဘာလ တုန်းက တင်ပြ ခဲ့တဲ့ အဆိုဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကတော့ Save the Ayeyarwadi နဲ့ တော်တော် များများ အော်ကြပါတယ်။ တကယ်တော့ စိုးရိမ်သလို မြစ်ကို မပြုပြင်ပဲထားရင်တော့

စိုးရိမ်သလို ဖြစ်ပေမယ့် မြစ်ကို ပြုပြင်လို့ရှိရင် ပိုမိုကောင်းမွန်တဲ့ တစ်ခုဖြစ်ကြောင်း ကျွန် တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မြစ်ရေ ထုတ်တဲ့ ရေပမာဏနဲ့ မြစ်ရဲ့ အကျယ်အဝန်းနဲ့က ညီမျှ ဖို့လိုကြောင်း တင်ပြလိုပါတယ်။ အဲဒီနေရာမှာ တကယ်လို့ အဲ ဒီလို ထိန်းလိုက်လို့ရှိရင် ကျွန်တော်တို့ ဧရာ ဝတီမြစ်ကြီးရဲ့ မြစ်ကမ်းနှစ်ဖက်မှာ ဆိုလိုတာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ တမံဆောက်ပြီး ထိန်းသလို အောက်မှာအခု River ၊ River ဆိုတာကတော့ အခု သဘာဝအလျောက် ဖြစ်နေတဲ့မြစ် အဲဒါကို လူလုပ်ပြီးတော့ Canalization ပုံစံဖြစ်အောင် အဲဒီလိုလုပ်ပြီး Canalization လုပ်လိုက်လို့ရှိရင် ရေကလည်း တစ်ကြောင်းတည်း စီးလာမယ်။ ရေကလည်း လုံးသွားပြီး ရေအနက်ကလည်း Navigation အတွက် ကောင်းမွန်ပါမယ်။ အလားတူ ဖြစ်လာ ဘာဖြစ်လာမလဲဆိုရင် Concerning ရမယ့် အကျိုးဆက်တွေက ဘာဖြစ်လာမလဲဆိုရင် ကျွန်တော်တို့ (၁) ဧရာဝတီမြစ် ရဲ့ ဝဲ ယာ ကမ်းပါးတွေမှာ စိုက်ပျိုးမြေတွေ ဧက ထောင်သောင်းချီ ဝင်လာပါတော့မယ်။ ရေလွှမ်းမိုးမှု မရှိတော့ပါဘူး။ နောက် မိုးတွင်းကာလမှာ တမံလုပ်ထားတဲ့အတွက် ပင်လယ်ထဲ စီးဆင်းသွား မယ့် ရေသယံဇာတတွေ ဆုံးရှုံးမှုမရှိတော့ပါဘူး။ အောက် Down Stream မြစ်ရဲ့ Down Stream မှာ ရေစီးရေလျှံမှု မဖြစ်တော့ဘဲ မြစ်ကြောင်းတစ်လျှော က်မှာ စိုက်ပျိုးမြေတွေ အများကြီးပေါ် ထွက်လာပါမယ်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလည်း လုံလောက်စွာ ရရှိပါတော့မယ်။ ကျွန်တော်တို့မှာ ဧရာ ဝတီမြစ်ကြီးရှိတဲ့အတွက် ရေမရှိလို့ စိုက်ပျိုးလို့ မဖြစ်ဘူး ဆိုတာ ကျွန်တော်တို့ နိုင်ငံရဲ့ လိုအပ်ချက်ဖြစ် နေပါတယ်။ နောက်တစ်ခုက ကမ်းနားနေ ပြည်သူများ ရေကြီး၊ ရေလျှံ မှုကြောင့် ဘေးအန္တရာယ် ကင်းလွတ်ပါမယ်။ အိမ်တွေပြိုတာ ယာတွေ ပြိုတာ မရှိတော့ပါဘူး။ မြို့ရွာမှာ နေတဲ့ ပြည်သူတွေရဲ့ တိုက်တာ အိမ်ခြေဆုံးရှုံးမှု မရှိတော့ပါဘူး။ နောက်တစ်ခုက အဓိကဘာလဲ ဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ မြစ်ရဲ့ ရေလယ်ကျွန်းတွေမှာနေကြတဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ ဒီပြည်သူတွေ အများကြီးရဲ့ ဘဝဟာ အခုလက်ရှိဘ ဝဟာဆိုလို့ရှိရင် ပေ (၄၀)လောက် ရေတက်ရင် သူတို့က မြစ်ရဲ့ အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်း သွားပြီးတော့ ရေဘေးဒုက္ခသည် နေရပါတယ်။ ရေပြ န် ကျသွားတော့ သူတို့ နေရာတွေ ပြန်ပြီးတော့ စိုက်ပျိုးရေး လုပ် ကြပါတယ်။ တ ကယ်လို့ ဧရာဝတီ မြစ်ကြီးကို ထိန်းထားနိုင်လို့ရှိရင် ဒီလူတွေရဲ့ လူနေမှုဘ ဝ အခုလို ပြောင်းရ၊ ရွှေ့ရမှာမဟုတ်ဘဲ အတည်တကျ ဖြစ်ပြီးတော့ နေကြရပါမယ်။ ဒါက ကျွန်တော်တို့ ပြော ရင် အိပ်မက်တစ်ခုပါ။ ဒါ ကျွန်တော်တို့၁၉၈၅-၈၆ လောက်က ခုနကျွန်တော်ပြောတဲ့ပြင်သစ်နိုင်ငံစိန်းမြစ်တို့ ဥရောပနိုင်ငံတွေ

ရောက်ဖူးပါတယ်။ စိန်းမြစ်ဆိုလို့ရှိ ရင် ကျွန်တော်တို့ စိတ်ကူးယဉ်တဲ့ သဘောမျိုးပြောရရင် မန္တလေးအရှေ့မှာ သမ္ဘူကျွန်း ဆိုတဲ့ကျွန်း အကြီးကြီးရှိပါတယ်။ မြို့တစ်မြို့စာ လောက်ရှိပါတယ်။ ဒီမြို့ပေါ်က လူတွေက ဘေးဒုက္ခတွေ ခံရပါတယ်။ မိုးတွင်းမှာနေလို့ မရဘူး။ ကမ်းပေါ်မှာတက်ပြီး ကျွဲတွေ၊ နွားတွေနဲ့ ပြောင်းပြီးနေရတယ်။ သူတို့နိုင်ငံမှာ အဲ ဒီလိုနိုင်ငံမျိုးမှာ မြို့ပြထူထောင် ရေမလွှမ်းတော့ဘူး။ အဲဒီကျွန်းပေါ်မှာပဲ ကတ္တရာလမ်းတွေနဲ့ ကားတွေ သွားမောင်း၊ တိုက်တွေ နဲ့ အတည်တကျ နေနိုင်ပါတယ်။ တကယ်လို့သာ ထိန်းသိမ်းထားရင် ကျွန်တော်တို့ နိုင်ငံက လူတွေလည်း တစ်နေ့နေ့ ဒါမျိုး ဖြစ်လာနိုင်တဲ့ အနေအထားရောက်လာမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့အပေါ်မှာ တမံတုတ်လို့ အောက်မှာ လူတွေတဲ့ဘဝ၊ အဲဒီတော့ ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြောလို့ရှိရင် E.I.A ၊ S.I.A ဆိုတဲ့ဟာလေးတွေ ရှိပါတယ်။ ကျွန်တော် နားလည် သလောက်၊ သိသလောက် ကျွန်တော် အကြမ်းဖျင်းလေး တင်ပြချင်ပါတယ်။ ဒါဟာလည်း ကျွန်တော်ရဲ့ အတွေ့အကြုံလေးပါ။ ကျွန်တော်တို့ မဲခေါင်မြစ် ရေကြော င်းထိန်းသိမ်းရေး လုပ်တဲ့အခါ E.I.A၊ S.I.A နဲ့ ပတ်သက်ပြီး တော့ လုပ်ကြပါတယ်။ မဲခေါင်မြစ်က တကယ်တော့ (၆) နိုင်ငံ ပိုင်တာဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ (၄) နိုင်ငံ၊ အပေါ်ပိုင်း (၄)နိုင်ငံ တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း (၄) နိုင်ငံ ပူးပေါင်းပြီးတော့ ထိုင်းနိုင်ငံ သည် ရေကြောင်းကုန်သွယ်လုပ်ဖို့ ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းနဲ့ ခုန E.I.A ၊ S.I.A လုပ်ပါတယ်။ အဲဒါနဲ့ ပ တ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ဧရာဝတီမြစ်ကြီးကို အခုလိုလုပ်လိုက်ရင် တမံဆောက်လိုက်ရင် မြစ်အောက် ပိုင်းမှာ ဘာဖြစ်သွားမလဲ။ မြစ်အထက်ပိုင်း မှာ ဘာဖြစ်သွားမလဲ။ ဒါမျိုးလေးတွေ ကျွန်တော်ဟာ သိတဲ့အသိတရားလေးနဲ့ ပြန်ပြီး စဉ်းစားဆင်ခြင် မိပါတယ်။ ဘာဖြစ်လာနိုင်မလဲ၊ အောက်ပိုင်းမှာ Down Stream အောက်ပိုင်းမှာ အရင်တုန်းက ရေပေ (၄၀)လောက်မြင့်တဲ့နေရာတွေမှာ ရေမလျှံတော့ဘူးဆိုတာဖြစ်မယ်။ ရေတက်ရေကျ မရှိဘူး။ ရေများတုန်းက ကျွန် တော်တို့ ရေနေ သတ္တဝါတွေ၊ ရေစီးသန်တဲ့အတွက် ရေသိုင်းနဲ့ ခိုအောင်းပိုး တွေရှိတယ်။ အထူးသဖြင့် ငါးတွေ၊ ပုစွန်တွေ၊ ကျောက်ကြိုကျောက်ကြား နေရတာမျိုးတွေရှိတယ်။ ရေစီးနည်းသွားလို့ရှိရင် ကျွန်တော် ထင်တယ်။ သူတို့အတွက် ထိခိုက်မှု မရှိနိုင်ဘူး။ အထူးသဖြင့် ရေနေသတ္တ ဝါတွေ မြစ်နား၊ ကမ်းနားမှာ Water Level နည်းနည်းအောက်ကျ သွားတာကလွဲလို့ အထူးမရှိနိုင်ဘူး။ နောက်တစ်ခု ကျွ န်တော်တို့ S.I.A (Social Impact Assessment) ဆိုတာလည်း မြစ်ကမ်းနား နေတဲ့လူအတွက် အများကြီး လူ့ဘဝအခြေအနေ ကောင်းသွားမယ်။ ရေလယ်ကျွန်းမှာနေတဲ့

လူတွေအတွက် တိုးတက်မှုတွေ အများကြီးရှိလာမယ် ။ အဲဒီမှာ တ ချို့ကလည်း ပင်လယ်ထိ ရောက်ရင် E.I.A၊ Salt Water intrusion ဆိုတာရှိပါတယ်။ ဆားငန်ရေတက်မယ်။ ဒါလည်း မဖြစ်နိုင်ပါဘူး။ Costal Formation ရဲ့ နှစ်စဉ် ခုနအပေါ်ကကျတဲ့ သဲနုန်း တွေဟာ မြစ်က ပင်လယ်ထဲကို သဲတွေစီးဆင်းသွားပြီး Salt Water intrusion ဆိုတာလည်း ပြဿနာ မရှိပါဘူး။ Salt Water ဆားငန်ရေက Density များတယ်။ Fresh Water က အဲဒီလိုဖြစ်တယ် ဆိုတော့ အဓိကချုပ်ချင်တာ ကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဘာပဲဖြစ်ဖြစ် ဒီတမံ ဆောက်တာကို ကျွန်တော်တို့နိုင်ငံ အနေနဲ့ လုပ်သင့်တာ ဖြစ်ပါတယ်။ တမံဆောက်တာလုပ်သလို အောက်မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းကိုလည်းမပျက်စီးဘဲနဲ့ ထိန်းသိမ်းပေးဖို့ပြည်ထောင်စု အစိုးရကို လွှတ်တော်က တင်သွင်းအပ်ကြောင်း တင်ပြအပ်ပါတယ်။ လေးစားပါတယ်။

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ဧရာဝတီမြစ်အထက်ပိုင်းတွင် တမံကြီးများတည်ဆောက်ရန် စီမံကိန်းများနှင့် အတူ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး စီမံကိန်းများ ထည့်သွင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ဖြစ် ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးစိုးမြင့် ၏ အဆိုအား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ကျွန်တော် ဦးကျော်သူဦး က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ၊ဦးစိုးမြင့်တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဧရာဝတီမြစ် အထက်ပိုင်းတွင် တမံကြီးများတည်ဆောက်ရန် စီမံကိန်းများနှင့်အတူ ဧရာဝတီမြစ်ကြောင်း

ထိန်းသိမ်းရေး စီမံကိန်း များ ထည့်သွင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွ န်းကြောင်းအဆိုဖြစ်ပါတယ်၊ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ဧရာဝတီမြစ်အထက်ပိုင်းတွင် တမံကြီးများတည်ဆောက်ရန် စီမံကိန်းများနှင့် အတူ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး စီမံကိန်းများ ထည့်သွင်းဆောင်ရွက်ပေးရန် အဆိုခေါင်းစဉ်ကို ပြင်ဆင်၍ ဧရာဝတီမြစ်ကြီး ရှင်သန်စေရေးအတွက်လိုအပ်သည့်နေရာများတွင်ရေထိန်းတမံကြီးများတည်ဆောက်ရန်နှင့် မြစ်အောက်ပိုင်းတွင် ရေလမ်းကြောင်းထိန်းသိမ်းရေးစီမံကိန်းများ ထည့်သွင်းဆောင်ရွက်ပေးရန် အဆိုခေါင်းစဉ်ပြောင်းလဲခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ ဦးစိုးမြင့် ရဲ့အဆိုစာသားမှာ အဓိပ္ပာယ်မရှင်းလင်းပါဘူး၊ ဆွေးနွေးတဲ့အခါကျမှပဲ ဧရာဝတီမြစ်ကြီး ရှင်သန်ရေးအတွက်ကို လိုအပ်တဲ့ ဆည် တမံကြီးများ တည်ဆောက်ထိန်းသိမ်းဖို့ဆိုတဲ့ကိစ္စကို သိရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုကိုပြည့်စုံအောင်ပြင်ဆင်ဖို့တော့လိုပါတယ်။ ဧရာဝတီမြစ်ကြီး ရှင်သန်တည်ရှိစေရေးအတွက် လိုအပ်သည့်နေရာများတွင် တမံကြီးများ တည်ဆောက်၍ ရေကို ထိန်းသိမ်းရန်နှင့် မြစ်ကြောင်းအောက်ပိုင်းတွင် တူး မြောင်းများတူးဖော်ပေးရန် ဒါကို ဆိုလိုတာမဟုတ်လား။

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ဥက္ကဋ္ဌကြီး တင်ပြတဲ့အဆိုကို ကျွန်တော် လက်ခံပါတယ်ခင်ဗျား။ ဒါပေမယ့် တူးမြောင်းလို့ ပြောလိုက်လို့ရှိရင် နိုင်ငံတော်မှာလုပ်ရမယ့် ပမာဏ ပိုများပါတယ်ခင်ဗျား။ မြစ်ကြောင်းတူးမြောင်း ဆိုရင် Canalizationတော့ Canalization ပါပဲခင်ဗျား။ ဒါပေမယ့်သူက မြစ်ကိုပဲ လက်ရှိမြစ်ကိုပဲ ရေနက်ကြောင်းဖော်ပြီးတော့ လုပ်မယ့်သဘောပါပဲခင်ဗျား။ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်း များ ဆောင်ရွက်မယ်ဆိုရင် လုံလောက်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒါဆိုရင် ဧရာဝတီမြစ်ကြီးရှင်သန်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ရေထိန်းတမံကြီးများ တည်ဆောက်ရန်နှင့်အတူ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး စီမံကိန်းများ မြစ်အောက်ပိုင်းတွင် ရေလမ်းကြောင်းထိန်းသိမ်းရေးစီမံကိန်းများ ကျွန်တော် ပြန်ဖတ် ပြမယ်၊ အားလုံးလည်းနားထောင်ပေးကြပါ၊ ဧရာဝတီမြစ်ကြီး ရှင်သန်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ရေထိန်းတမံကြီးများ တည်ဆောက်ရန်နှင့် မြစ်အောက်ပိုင်းတွင် ရေလမ်းကြောင်း ထိန်းသိမ်းရေးစီမံကိန်းများ ထည့်သွင်းဆောင်ရွက်ပေးရန်

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီအဆိုတိုင်းပဲ ကျွန်တော်တို့ ဆက်လက်ဆွေးနွေးတာပေါ့။ ဦးစိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နား တဲ့အခါ အမျိုးသားလွှတ် တော်ဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။ ဦးစိုးမြင့် က တကယ်လို့ Power Point ပြချင်တယ်ဆိုလို့ရှိရင် သ နက်ဘက်ခါ ဒါ ဆွေးနွေးတဲ့အချိန်မှာ ဆွေးနွေးခြင်းမတိုင်ခင်မှာ Power Point ပြဖို့အတွက် ခွင့်ပြုပေးပါမယ်။

## အမျိုးသားလွှတ်တော် ၄၆ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၄၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်

အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၂။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီးများ ခေတ္တထိုင်ပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတရုံးကနေပြီးမှ အမျိုးသားလွှတ်တော်သို့ ပေးပို့လာတဲ့ စာတစ်စောင်ကို ကိုယ်စားလှယ်များ သိရှိနိုင်ပါရန် ယခုဖတ်ကြားပြမှာဖြစ်ပါတယ်ခင်ဗျား။ အကြောင်းအရာ။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ သောင်ထွန်းမြေနုကျွန်းများအား အကွက်ဖော်ရောင်း ချရန် စီစဥ်နေကြောင်း တင်ပြလာခြင်းကိစ္စ ရည်ညွှန်းချက်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ၏ ၅-၆-၂၀၁၁ ရက်စွဲပါ တင်ပြစာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဇော်နိုင်ဦးက မွန်ပြည်နယ်ဘီးလင်းမြို့အတွင်းရှိ သောင်ထွန်းမြေနုကျွန်းများအား ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက အကွက်ဖော်ရောင်းချရန် စီစဥ်လျက်ရှိသဖြင့် နိုင်ငံတော်နှင့် တောင်သူလယ်သမားများ အကျိုးစီးပွားကို ရှေးရှု၍ ညီညွတ်မျှတစွာ စီမံဆောင်ရွက်ပေးပါရန် ရည်ညွှန်း ပါစာဖြင့် တင်ပြခဲ့ ပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဥ်း၍ နိုင်ငံတော်သမ္မတက " လုပ်ထုံးလုပ်နည်းမမှန်ကန်ပါ။ လွှတ်တော်ကိုယ်စားလှယ်သည် သက်ဆိုင်ရာလွှတ်တော်သို့တင်ပြပြီး သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌမှ သာ သမ္မတထံသို့ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပေးပို့သင့်ပါသည် " ဟု မှတ်ချ က်ပြုပါသဖြင့် သိသာပါရန် အကြောင်းကြားအပ်ပါသည် ဆိုပြီးတော့မှ အမျိုးသားလွှတ်တော်ကို တင်ပြ လာခြင်းအား ကိုယ်စားလှယ်ကြီး များ သိရှိနိုင်ပါရန် လေးစားစွာ ဖတ်ကြားပြပါတယ်ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ အစည်းအဝေးကို ၁၁း၂၂ နာရီအချိန်တွင် ရပ်နားပါသည်။]